

၂၀၀၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု
ကဗျာပေါင်းချုပ် ပထမဆုရ
"ပန်းကောင်းရနံ့ဆွတ်ပျံ့ဝေ ကဗျာစု"
ရေးသူ- အောင်သာဆန်း (သံတွဲ)

၁၉၄၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် တောင်ကုတ်မြို့နယ် ပန်းထော်ကျွန်း ဂျီပြင်ရွာတွင် အဖ ဦးလုံးထော်၊ အမိ ဒေါ်ဖံအေး တို့မှ မွေးဖွားသည်။

၁၉၆၂ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ အောင်မြင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ပန်းထော်ထွဋ်တင် (သံတွဲ) ကလောင်အမည်ဖြင့် သင့်ဘဝမဂ္ဂဇင်း၌ ကဗျာများ စတင်ရေးသားခဲ့သည်။ ၂၀၀၁ ခုနှစ် ပညာတန်ဆောင် ဦးသန်းညွန့်အမှတ်တရ ကဗျာပြိုင်ပွဲတွင် "ပန်းတကာထက်မွှေး" ကဗျာဖြင့် ပထမဆု ရရှိခဲ့သည်။

၁၉၆၅ ခုနှစ်တွင် မူလတန်းဆရာအဖြစ် စတင်အမှုထမ်းခဲ့ပြီး ယခုအခါ မူလတန်းကျောင်းအုပ်ဘဝမှ အနားယူပြီး စာပေရေးသားရင်း တောင်ကုတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

အမည်အရင်း - ဦးမောင်ရွှေ

နေရပ်လိပ်စာ - ၈၃၉၊ လမ်းသွယ် (၁)၊ ဆေးရုံကွက်သစ်၊ တောင်ကုတ်မြို့နယ်။



၂၀၀၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု
**ကဗျာပေါင်းချုပ်ပထမဆုရ**

# ပန်းကောင်းရနံ့ ဆွတ်ပျံ့ဝေ
# ကဗျာစု

**အောင်သာဆန်း (သံတွဲ)**

**စီစဉ်တည်းဖြတ်သူ** - တက္ကသိုလ်ဆန်းတင့်နိုင်
စာတည်း
**အဖုံးပန်းချီ** - အောင်သန့်

စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်

၂၀၀၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ✪ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကန်တော့ခြင်းမင်္ဂလာ

* သည်ကဗျာစုဖြင့်၊ ကွယ်လွန်ခဲ့ကြကုန်ပြီးသော၊
မိခင်၊ ဖခင်၊ အဘိုးအဘွားနှင့်၊ ဆရာသခင်၊
ကျေးဇူးရှင်တို့အား ဦးညွှတ်ကန်တော့ပါ၏။

## ကျေးဇူးတင်ခြင်းမင်္ဂလာ

* ငယ်စဉ်ကရေးသားခဲ့သော ကဗျာစုများထဲမှ
ကောင်းနိုးရာရာ ရွေးချယ်ကောက်နုတ်ပေးသော
မောင်နှစ်သိမ့် (တောင်ကုတ်) အား
ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အောင်သာဆန်း (သံတွဲ)**

## မာတိကာ


| စဉ် | ကဗျာခေါင်းစဉ် | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကဗျာပန်းမြတ်ကပ်လှူခြင်း | ... | ၁ |
| ၂။ | ပန်းကောင်းရနံ့ဆွတ်ပျံ့ဝေ | ... | ၃ |
| ၃။ | သည်တောင်ပို့ | ... | ၄ |
| ၄။ | ကျောက်သွေးသမား | ... | ၆ |
| ၅။ | သုံးဆယ်ကျော်အရွယ်၏ ကဗျာတစ်ပုဒ် | ... | ၈ |
| ၆။ | စမ်း | ... | ၁၀ |
| ၇။ | မြင်ကွင်း (၁) | ... | ၁၂ |
| ၈။ | ဆီမီးတစ်တိုင်၊ ကြာတစ်ခိုင် | ... | ၁၃ |
| ၉။ | တစ်ပွင့်ပန်း | ... | ၁၅ |
| ၁၀။ | ရာဇကုမာရ်၏စိတ်အလှ | ... | ၁၆ |
| ၁၁။ | နွေတေး | ... | ၁၉ |
| ၁၂။ | ဆုတောင်း | ... | ၂၀ |
| ၁၃။ | ရဟန်း | ... | ၂၁ |
| ၁၄။ | တို့အင်အား | ... | ၂၃ |
| ၁၅။ | အထမ်းသည် | ... | ၂၅ |
| ၁၆။ | သမိုင်းမှတ်တိုင် | ... | ၂၇ |


## မာတိကာ


| စဉ် | ကဗျာခေါင်းစဉ် | | စာမျက်နှာ |
|---|---|---|---|
| ၁၇။ | ပင်လယ်ထဲကနှင်းမုန်တိုင်း | ... | ၂၉ |
| ၁၈။ | လုပ်အား | ... | ၃၁ |
| ၁၉။ | ပြောက်ကျားစစ်သည် | ... | ၃၃ |
| ၂၀။ | ရက်မြတ်မင်္ဂလာ | ... | ၃၄ |
| ၂၁။ | ပုဂံပြည်မှာ | ... | ၃၅ |
| ၂၂။ | အထိမ်းအချုပ်ကင်းပါသည် | ... | ၃၇ |
| ၂၃။ | ချစ်သူများသို့ | ... | ၃၉ |
| ၂၄။ | ပန်းမပြတ် | ... | ၄၃ |
| ၂၅။ | တာဝန်သိစိတ် | ... | ၄၄ |
| ၂၆။ | တန်ဖိုးသိစေချင်သည် | ... | ၄၆ |
| ၂၇။ | ဆည်းဆာ | ... | ၄၈ |
| ၂၈။ | အိုဘယ့်လူငယ် | ... | ၅၀ |
| ၂၉။ | သစ္စာတူပြိုင် | ... | ၅၂ |
| ၃၀။ | မညှိုးပန်း | ... | ၅၄ |
| ၃၁။ | ငါ့အလွမ်း | ... | ၅၅ |
| ၃၂။ | ရွာ့အခြေ | ... | ၅၇ |

## မာတိကာ


| စဉ် ကဗျာခေါင်းစဉ် | | စာမျက်နှာ |
|---|---|---|
| ၃၃။ ရင်ထဲကပီတိ | ... | ၆၀ |
| ၃၄။ သူမရုပ်ပုံလွှာ | ... | ၆၂ |
| ၃၅။ မားမားမတ်မတ် | ... | ၆၄ |
| ၃၆။ အတုမရှိသောနှလုံးသားပိုင်ရှင် | ... | ၆၅ |
| ၃၇။ ရွာ့အရိပ် | ... | ၆၇ |
| ၃၈။ ဘဝမြစ်တစ်စင်း | ... | ၆၉ |
| ၃၉။ သည်စိတ်သည်အလှ | ... | ၇၁ |
| ၄၀။ အမိရွှေပြည် | ... | ၇၃ |
| ၄၁။ ဆေးကြစို့လား | ... | ၇၆ |
| ၄၂။ လောကကိုတုန့်ပြန်ခြင်း | ... | ၇၈ |
| ၄၃။ ပန်းထော်ကျွန်း | ... | ၈၀ |
| ၄၄။ ကိုယ့်လမ်းကိုယ့်တာ | ... | ၈၄ |
| ၄၅။ ပြည်သူအတွက်ပျိုးသောပန်း | ... | ၈၆ |
| ၄၆။ ဦးညွှတ်လိုက်ပါသည် | ... | ၈၈ |
| ၄၇။ တောင်ကုတ်တောင်ကြား<br>လမ်းတစ်လျှောက်မှသည် | ... | ၉၁ |


## မာတိကာ


| စဉ် ကဗျာခေါင်းစဉ် | | စာမျက်နှာ |
|---|---|---|
| ၄၈။ မိုးခေါင်ရေရှားနိုင်ငံများ | ... | ၉၅ |
| ၄၉။ ပစ္စုပ္ပန်ကိုရပ်ကြည့်ခြင်း | ... | ၉၆ |
| ၅၀။ ပစ္စုပ္ပန်ခရီးသည် | ... | ၉၈ |
| ၅၁။ ဂေါ်ဖီထုပ်ဥပမာ | ... | ၉၉ |
| ၅၂။ သမိုင်းမှတ်တိုင်များ | ... | ၁၀၀ |
| ၅၃။ ခံတပ်သစ်ဆောက်ခြင်း | ... | ၁၀၂ |
| ၅၄။ ကိုယ်ပိုင်ဥစ္စာ | ... | ၁၀၃ |
| ၅၅။ ပြည်သူ့ဖတ်စာ | ... | ၁၀၅ |
| ၅၆။ ဆရာ့အလွမ်း | ... | ၁၀၆ |
| ၅၇။ ပညာ၏နယ်ပယ် | ... | ၁၀၇ |
| ၅၈။ ရေသောက်မြစ် | ... | ၁၀၈ |
| ၅၉။ ဤခရီးနီးသလားနှင့်အတူ | ... | ၁၀၉ |
| ၆၀။ ကျေးလက်အလှ | ... | ၁၁၁ |
| ၆၁။ စစ်တမ်း | ... | ၁၁၃ |
| ၆၂။ ကျောက်မျက်ကောင်း | ... | ၁၁၅ |
| ၆၃။ ပန်းနှင့်သစ်ပင် | ... | ၁၁၈ |

# မာတိကာ


| စဉ် | ကဗျာခေါင်းစဉ် | | စာမျက်နှာ |
|---|---|---|---|
| ၆၄။ | ပန်းကောင်းတစ်ပွင့် | ... | ၁၁၉ |
| ၆၅။ | မျဉ်းဖြောင့်၏အစွန်းများ | ... | ၁၂၁ |
| ၆၆။ | ပျဉ်းကတိုး | ... | ၁၂၂ |
| ၆၇။ | ငါတို့ပိုင်ရတနာများ | ... | ၁၂၄ |
| ၆၈။ | အမေ့အတွက်ဆုတောင်း | ... | ၁၂၆ |
| ၆၉။ | ကဗျာငှက် | ... | ၁၂၈ |
| ၇၀။ | ဝေဖန်ယုံ | ... | ၁၂၉ |
| ၇၁။ | သူ့စံနှင့်သူ | ... | ၁၃၀ |
| ၇၂။ | ကျေးလက်နံနက်ခင်း | ... | ၁၃၂ |
| ၇၃။ | မြွေစကား | ... | ၁၃၄ |
| ၇၄။ | မိတ်ဆွေ သို့မဟုတ် ရန်သူ | ... | ၁၃၆ |

# ကဗျာပန်းမြတ်ကပ်လှူခြင်း

ဗုဒ္ဓရုပ်ပွား၊ ထံတော်ပါး၌
ပန်းများမလှူ၊ ကဗျာလှူမည်
ခံယူတော်မူပါ အရှင်ဘုရား . . .။

ပန်းရနံ့ထက်၊
ဆွတ်ပျံ့ထုံသင်း၊ ကျွန့်ရင်တွင်းမှ
ချစ်ခြင်းမေတ္တာ၊ သည်ကဗျာကား
ရတနာစစ်၊ အလှဖြစ်သည်
မညစ်မနွမ်း နိုင်ပါဘုရား . . .။

စံပယ်နှင်းဆီ
သရဖီစ၊ ပန်းမည်သည်ကား
ယာယီသက်တမ်း၊ ခဏနွမ်း၍
မလန်းမထုံ၊ ကြွေကျကုန်သည်
တုန်လှုပ်ဖွယ်ရာ မြင်ပါသည်ဘုရား . . .။

ကျွန့်ရင်ပွင့်လန်း၊ ကဗျာပန်းကား၊
သက်တမ်းမည်မျှ၊ မမှန်းဆနိုင်၊
တန်ဖိုးပိုင်းဖြတ်၊ မသိတတ်နိုင်၊
ဆွတ်ပျံ့သင်းထုံ၊ ဂုဏ်အနန္တ၊
များပေစွဟု၊
ဘဝခံယူချက်နှင့် ပါဘုရား . . .။

❀ သည်ကောင်းမှုကြောင့် . . .
ယခုဘဝ၊ နောင်ဘဝ၌
အလှသီကုံး၊ ဖွဲ့မဆုံးသည်
နှလုံးသည်းပွတ်၊ ခံစားတတ်သော၊
ဆုမြတ်ဆုထူး၊ ကဗျာဖူးကို၊
ဆွတ်ခူးနိုင်သူ၊ ပန်နိုင်သူဟု
ကျွန်မူ ဖြစ်ရပါလို၏ဘုရား . . .။

❀ ထို့ပြင်တစ်ဖန်
နိုင်ငံပြည်သူ၊ ဟူဟူသမျှ
ဤဒါနမှု၊ အစုစုကို
ယခုမကြာ၊ ရကြပါ၍၊
ရွာလည်းငြိမ်းအေး၊ တေးလည်းချိုကြည်
ရာသီလည်းမှန်၊ ဆန်ရေစပါး၊
ပေါပြည့်များလျက်၊ အများတကာ၊
စိတ်ချမ်းသာပြီ၊ ဘယာဘေးဆိုး
အမျိုးမျိုးတို့၊ မတိုးမပေါက်၊
ကင်းစင်ပျောက်လျက်၊ ဝမ်းမြောက်တေးချို
ကဗျာဆို၍၊ လိုရာဆန္ဒ၊
ပြည့်စုံကြသည်
မုချ ဖြစ်စေလိုပါသည်ဘုရား . . .။ ။

၁-၁-၂၀၀၂



# ပန်းကောင်းရနံ့ ဆွတ်ပျံ့ဝေ

❀ ဘယ်နေရာသွားသွား
ဘယ်စကားပြောပြော၊ တောရောမြို့ပါ၊
မျက်နှာမငယ်၊ တံ့လှယ်ပြုံးချို၊
ဆီးကြိုလက်ကမ်း၊ ငြိမ်းချမ်းကြည်အေး၊
တို့သွေးတို့သား၊ မခွဲခြားသည်၊
လေးစားခြင်းနှင့်လက်ကမ်းကြို။

❀ မည်းမည်းဖြူဖြူ
အယူဘာသာ၊ ယုံကြည်ရာကိုး
မြတ်နိုးရာဆည်း၊ သူ့နည်းနှင့်ကိုယ်၊
မတူဆိုတိုင်း၊ သူ့ကိုမနှိမ်၊
သူ့မြိန်ဟင်းကောင်း၊ သူ့အကြောင်းနှင့်
ပေါင်းစည်းခြင်းသာ၊ အခရာဟု၊
စာနာတတ်စွာ၊ တို့မြန်မာကို
ကမ္ဘာကပင်လေးစားရ၏။

❀ ညှံ့သူစာနာ၊
သာသူလေးစား၊ တရားသဘော၊
မနောဖြူစင်၊ ဝန်းကျင်ငြိမ်းအေး
ပန်းကောင်းမွှေးသန့်၊ မြန်မာနံ့ကား
ဆွတ်ပျံ့ညွှတ်ပျောင်း၊ ဘယ်မဟောင်းသည်
နှစ်ပေါင်းကြာလေ၊ သင်းပျံ့လေ။ ။

၁၅-၉-၉၂

# သည်တောင်ပို့

◆ သည်တောင်ပို့ကို၊ ခြတို့တည်ဆောက်၊
တစ်ယောက်တစ်လက်၊ ခရီးဆက်ကြာ၊
ရာသီရင့်ညောင်း၊ နှစ်ပေါင်းများစွာ။

◆ သည်ကာလ၌၊ ခြအဘိုးအို၊
တချို့ဆိုလျှင်၊ ပြိုပြိုလဲလဲ
အားကုန်ခဲရင်း၊ သေပွဲဝင်သွား
သွေးချွေးများစွာ။

◆ ခြတချို့ကား ဖို့ရာသယ်ရာ
မြေစာဖိညပ်၊ ခြေပြတ်လက်ကျိုး
ဆိုးဝါးခြေနေ၊ မသေရုံပ၊
ဒုက္ခိတဖြစ်၊ စင်စစ်များစွာ။

◆ တချို့မှာမူ၊ ချူချာဖိစီး
ရောဂါသည်းစွ၊ ဘဝခြေယိုင်
မနိုင်ဝန်ထမ်း၊ အကန်းအစွေ၊
မသေရုံကျန်၊ ဘဝဒဏ်ရာ၊
အနာတရ။



◆ သည်တောင်ပို့ကား၊ မချို့လုံ့လ
မာနမြင်းမိုရ်၊ ထိုထိုမြောက်မြား
ခွန်အားသွေးချွေး၊ စတေးပြီးမှ
ရေးရေးထင်ထင်၊ ဖြစ်ခဲ့အင်ဟု
မြင်သည်ဘွားဘွား၊ စုပေါင်းအား၏
ကြီးမားသာဓက၊ လက်တွေ့ကျသည်
ဘဝသင်ခန်းစာ၊ ယူကြပါစို့
သူငါသတိ ရှိစေသတည်း။ ။

၁၈-၉-၉၁

# ကျောက်သွေးသမား

✡ ကျောင်းဆရာသည်၊ မေတ္တာသရုပ်
ဖော်ထုတ်ပြသ၊ ဘဝအရောင်
ထိန်ပြောင်ဖို့ရေး၊ ကျောက်ကောင်းမွေးဖို့
ကျောက်သွေးသမား သာတကား။

✡ စာသင်ခန်းထဲ
ထိန်လက်ရဲမည့်၊ သက်ရှိများစွာ၊
ရတနာသွေး၊ ထိုကလေးတွေ၊
ပြေးလွှားခုန်ပေါက်၊ အရောက်တောက်လိမ့်
ကျောက်ရိုင်းကလေးတွေ မှန်ပေစွ။

✡ ကျောင်းဆရာမှာ
အနစ်နာ၊ ဝါသနာနှင့်
စာနာထောက်ထား၊ စိန်သွားပမာ၊
မာလည်းမာဘိ၊ ကရုဏာဓား
ကျောက်ရိုင်းများကို၊ မွေးဖွားသန့်စင်
သွေးတိုင်းယဉ်ဖို့
ကျွမ်းကျင်မှုသည် သူ့ပညာ။

✡ အနာဂတ်ကို၊ သတ်မှတ်စိုးပိုင်
နိုင်ငံသားကောင်း၊ သူတို့ခေါင်းနှင့်
ပေါင်းစပ်တီထွင်၊ အရောင်တင်လိမ့်



နှစဉ်ကာလ၊ အသွေးကြွ၍
အလှပီပြင်၊ အနာစင်ဖို့
သင်ရကြား၊ သွေးခဲ့ရပေါ့
ချွေးကျပေလျက်၊ ပြုံးမပျက်သည်
ဆုံးသက်တိုင်စွဲ သူ့ဝန်တာ။

✡ စားဝတ်နေမှု၊ အစုစုတို့
သူ့မှာချို့မင့်၊ ပသို့မည်ည်း
ဝမ်းမနည်းသည်
သည်းခံရောင့်ရဲနိုင်သူပါ။

✡ သူပုံဖော်သွေး
ကျောက်ရိုင်းလေးတွေ၊ သွေးအရောင်တက်
ရွှဲပြောင်လက်သော်၊
နှစ်သက်ပီတိ၊ ဝမ်းဆီထိမျှ
ကြည့်မောမဝ၊ ရှုမဝနှင့်
ဘဝပီတိဝေဝေဖြာ။

✡ ကျောင်းဆရာသည်၊
မေတ္တာသရုပ်၊ ဖော်ထုတ်ပြသ၊
ဘဝအရောင်၊ ထိန်ပြောင်ဖို့ရေး
ကျောက်ကောင်းမွေးဖို့
ကျောက်သွေးသမား မည်ပေတကား။ ။

၃၁-၇-၉၀

# သုံးဆယ်ကျော်အရွယ်၏ ကဗျာတစ်ပုဒ်

သုံးဆယ်ကျော် အရွယ်ရ
ကိုယ့်ဘဝ ပြန်လှန်ကာ၊
သုံးသပ်မိပါ။
ကောင်းအဆိုး စုံနှစ်ဖြာ၊
ထုံပါလို့ရောထွေး။
တိုက်ပွဲ အလီလီနဲ့
ရှုံးတစ်ချည် နိုင်တလှည့်
ကြုံခဲ့ပြီလေး။

ရှုံးတဲ့ခါ အံကိုခဲ
မာန်ဖွဲ့နဲ့ တိုက်ပွဲဝင်
နောက်မဆုတ်ချင်။
နိုင်ပြန်တော့ ပြုံးဘဝင်
လွတ်ချင်တဲ့ စိတ်ကိုချိုး။
ထိုအခါ ဘဝင်ချမ်းလို့
သည်ဝန်းကျင် အရိပ်အေး
နွေးထွေးအောင်မိုး။



ပတ်ဝန်းကျင် အရိပ်အေးမှ
မျှော်ငေးလို့တစ်ဖန်
ရှုလိုက်မိပြန်။
နင်လားဟဲ့ လောကခံ
ဝန်းရံလို့ ဝိုင်းသော်လည်း။
ယောက်ျား ဘာမထီမို့
အာဇာနည် စိတ်ကိုမွေးလို့
ဓားသွေးကာ တောကိုရှင်း
ရောင်းရင်း အဖော်စုံနဲ့
မြိုင်ရဂုံ ဘယ်လိုရှုပ်သော်လည်း
စိတ်အကြံ ဘယ်မယုတ်တယ်
ထုတ်ပေါ့မာန်ဖွဲ့။ ။

၁၉၇၄ - အောက်တိုဘာလ

# စမ်း

✡ မီးနှယ်ပြင်းစွ၊ ဟုန်းဟုန်းထသည်၊
ငါ့ဒေါသတွေ၊ ဒေါသတွေ။

✡ ပတ်ဝန်းကျင်မှ၊ ချီးမြှင့်မ,သည်
အာဂလေရူး၊ ထိုလေရူး။

✡ မြင်မြင်သမျှ၊
အမှိုက်စတွေ၊ ခဏချင်းကူး၊
လေရူးအပင့်၊ ပြာသာဒ်မြင့်ကို
ဆင့်ကာကူးကာလောင်မည်သို့။

✡ မြို့ရွာအိမ်ခြေ
လူနေရပ်ကွက်၊ သောသောပွက်မျှ
ကူးစက်တိုက်တာ၊ အိမ်ဂေဟာကို
ဖြိုကာဖျက်ကာကျွမ်းမည်သို့။

✡ စက်ရုံအလုပ်ရုံ၊
ကုန်ထုတ်လုပ်ငန်း၊ လောင်ကျွမ်းပျက်သုဉ်း
ပြာဖြင့်ဖုံးအောင်၊
ဆုံးရှုံးမည်သို့၊ လောင်မည်သို့။



✡ သည်သို့တမူ၊ မီးနှယ်ပူစွ၊
ငါ့ဒေါသတွေ၊
ဟုန်းထပွက်ပွက်ဆူသောခါ။

✡ မလောင်ခင်တား၊ ငြိမ်းအေးသွားအောင်
ပါးချင်းပူးကပ်၊ ကျောကိုသပ်၍
ချစ်မြတ်နိုးစွာ၊ စမ်းသီတာသို့
သက်လျှာငယ်ကျွမ်း၊ အံ့မခန်းမျှ
ငြိမ်းနိုင်စွလေ -
နှမမိန်းမမြတ်ပေတကား။ ။

၂၄-၇-၇၅

# မြင်ကွင်း (၁)

✡ ကျားကိုရည်၍
ဦးတည်ပစ်ခွင်း၊ မြားတစ်စင်း။

✡ ကျားကိုမြင်သော်
သမင်ခုန်ဆွ၊ ထ၍အပြေး
လေးညို့အလွှတ်၊ ထုတ်ချင်းဖြတ်ပေါ့
တွတ်တွတ်နီရဲ၊ သွေးအိုင်ထဲ၌၊
ခွေလဲသေဆုံးသမင်ငယ်။

✡ သမင်မြားစိုက်၊
လဲသည့်ခိုက်တွင်၊ ကျားမိုက်ရှောင်ကွင်း
တောကိုနင်းခဲ့
သေမင်းလက်မှလွတ်ခဲ့တကား။

၁-၈-၇၁



# ဆီမီးတစ်တိုင် ကြာတစ်ခိုင်

🕯 ဆီမီးက တစ်တိုင်
ကြာခိုင်က တစ်ပွင့်။
ဗုဒ္ဓဂုဏ် ဦးခိုက်လို့
ဖူးလိုက်သည့်နှင့်။

🕯 သည်ဆီမီး သည်ကြာခိုင်
လှိုင်အောင်ပ ညှိထွန်း။
မလေးပျို လယ်သူမ
အလှုစိတ်ဝမ်း။

🕯 ဆီမီးကို ကိုယ်တိုင်ထွန်း
ကြာပန်းကို ကိုယ်တိုင်တင်
မလေးစိတ်တွင်။
ဝေနေယျ အပေါင်းပင်
ကြည်လင်လို့ ငြိမ်းချမ်း။
မလေးပျို ဆုပန်ပြု
သာဓုသံလွှမ်း။

မလေးထွန်းတဲ့ ဆီမီးတိုင်
တစ်တိုင်သာဆိုလည်း။
ဘုရားသွားတူတူ
တစ်ဆင့်ကူ ညှိကာထွန်းတော့
လွှမ်းခဲ့တယ် လင်းရောင်ပြန့်
အနှံ့ပါပဲ။

မလေးလှူတဲ့ ကြာပန်းခိုင်
တစ်ခိုင်သာဆိုလည်း။
ခရီးသွားတူတူ
ရွာသူတွေ တစ်ယောက်တစ်ပွင့်နဲ့
ဘုရားရှင့် ထံတော်ပါးမှာ
ကြာပွင့်တွေ လှိုင်လှိုင်များတော့
မွှေးနံ့သာ ကြိုင်ပျံ့ရှားတယ်
အားရသည်ပဲ။ ။

၁၅-၇-၇၁



# တစ်ပွင့်ပန်း

မကြင်နာ အမုန်းပွားတဲ့
စိတ်ထားကိုစွန့်ပယ်
ကွယ်စေတော့လား။
လူတိုင်းမျက်နှာ တကယ်လှလိမ့်
အေးမြသည် မေတ္တာရိပ်
ဖိတ်တော့တကား။

မှုန်နံ့သာ မခြယ်သလည်း
အလှတကာ့ ထိပ်ခေါင်
အရောင်နဲ့အလင်းနဲ့။
စိတ်တစ်ခုသာပ
ဖိတ်မှု ယိုကာဆင်းတဲ့
အလင်းရောင် သည်တစ်စက်က၊
လက်ပါလိမ့် ကမ္ဘာလွှမ်း
ဆန်းသနဲ့ကြယ်သနဲ့။

ဟန်မဆောင် အပြုံး
နှလုံးလှ အရောင်လွှင်
ယဉ်သနဲ့ကြော့သနဲ့။
တုဖက် မယှဉ်သာတဲ့
ပန်းမာလာ သည်တစ်ပွင့်
ဝင့်သနဲ့မွှေးသနဲ့။ ။

၁၅-၇-၇၁

# ရာဇကုမာရ်၏စိတ်အလှ

◈ ထီးမွေနန်းမွေ၊ မရပေလည်း
စိတ်စေတနာ၊ မွန်မြတ်ပါသည်၊
ရာဇကုမာရ် တုယှဉ်ဖွယ်။

◈ ပဒေသရာဇ်၊ မင်းပျိုဖြစ်လျက်
ပြည်ချစ်ရွာချစ်၊ တိုင်းပြည်ချစ်ကြောင့်
အနစ်နာခံ၊ ရည်မွန်အတွေး
စည်းလုံးရေးတွက်၊ ကိုယ်ရေးစွန့်ခွာ၊
အာဏာမမက်၊ စိတ်မကွက်ချော၊
နှစ်သက်ဖွယ်ပ၊ ရာဇကုမာရ်။

◈ မြန်မာနှင့်မွန်၊
မွန်နှင့်မြန်မာ၊ ချစ်ကြပါမှ
မြန်မာပြည်ရေး၊ ပန်းကောင်းမွှေးသို့
နီးဝေးရပ်ခြား၊ တိုင်းတစ်ပါးမှ
လေးစားချစ်ကြောက်ရှိသေအံ့။

◈ အာဏာအတွက်၊ အဆိပ်တက်၍
တပ်မက်စိတ်ကြီး၊ သွေးမစည်းက
ပြည်လည်းမသာ၊ ရွာလည်းမချမ်း



ပန်းလည်းမဝေ၊ ညှိုးခွေခွေကို၊
သက်သေထင်ရှား မြင်ဖူး၏။

◈ အာဏာလုစစ်၊
ချင်းချင်းဖြစ်က၊ ဆုတ်နစ်ခွန်အား
ပြည်သူများလည်း၊ စီးပွားရေးပျက်၊
စိုက်ပျိုးခက်၍၊ အဖျက်သမား၊
ရန်သူများ၏၊ ဓားကိုမလှန်
လှံကိုမချိုး အဖြစ်ဆိုးနှင့်
ကိုယ်ကျိုးနည်းတတ်ဓမ္မတာ။

◈ သည်အသိကြောင့်၊
မိမိကိုယ်ရေး၊ သူမတွေးခဲ့၊
သွေးစည်းညီညွတ်၊ သည်စိတ်ဓာတ်နှင့်
ထီးအပ်နန်းမွေ၊ မရပေလည်း၊
ရွှေစိတ်မကွက်ခဲ့လေသူ။

◈ မြန်မာနှင့်မွန်၊
စည်းလုံးရန်ဟု၊ မွန်သွေးနှောသူ၊
မြေးစည်သူကို၊ ကြည်ဖြူထီးနန်း
ရိုက်ရာမြန်းလည်း၊
စိတ်ဝမ်းကြည်ဖြူ ခွင့်လွှတ်သူ။

◈ ဖခင်စိတ်ဓာတ်၊
လွန်မြင့်မြတ်ဟု၊ ဦးညွှတ်ရိုသေ
နာခံပေသည်၊ နေလိုလည်းလင်း
လမင်းလိုအေး၊ ရည်သွေးပြည့်ဝ၊
နှလုံးလှနှင့်၊ အာဂစိတ်ဓာတ်၊
လွန်မြင့်မြတ်ဘိ၊ သုံးသပ်မိတိုင်း
သူ့သမိုင်းကား
လူတိုင်းကြည်ညိုလေးစားဖွယ်တည်း။ ။

၂၂-၆-၇၁



# နွေတေး

ပင်ဝါးရုံ ရိပ်ဆီက၊
ခေါင်းညိတ် လည်ဆံခါနဲ့
ကူသံသာ မောင်နှံချိုးငယ်တို့
ပျိုးကြပေါ့ ချစ်တေးသံ
ညံပါပေါ့နွေတေး။

ကျည်းပင်ရိပ်မှာတော့
မုတ်ဆိတ်ကျင်စွယ်နဲ့
သက်အရွယ် သီသီကျလည်း
အဘ အမယ်အိုတို့
ထန်းလျက်ချို ရေနွေးကြမ်းနဲ့
အကြင်နာ ရင်မှာလွှမ်းပါလို့
ငြိမ်းချမ်းစွာ ပီတိသက်၊
တောင်းရက်ပေါ့လေး။ ။

၈-၈-၆၉

# ဆုတောင်း

- စိုက်ပါရစေ ပန်းတစ်ပင်
  မြေကြီးအိုသခင်။
  ဖြူဖြူစင်စင် သန့်သန့်ဖွေး
  မေတ္တာရနံ့မွှေး။

- စိုက်ပါရစေ ပန်းတစ်ပင်
  မြေကြီးအိုသခင်။
  မလန်းစေချင် အဆိပ်ပန်း
  မပွင့်ခင်ကနွမ်း။

- စိုက်ပါရစေ သီးတစ်ပင်
  မြေကြီးအိုသခင်။
  ချိုချိုလွင်လွင် သီးချိုအေး
  ဩဇာဓာတ်ကိုပေး။

- စိုက်ပါရစေ သီးတစ်ပင်
  မြေကြီးအိုသခင်။
  အဆိပ်ပင် အဆိပ်သီး
  မသီးခင်က ကြွေစေသတည်း။

၇-၈-၇၁



# ရဟန်း

- မိုးသည်းလေးသည်း၊ ညံမစဲခိုက်၊
  တဲပေါက်ဝတွင်၊ ရဟန်းရှင်တည့်
  ဆွမ်းဝင်၍ရပ်၊ ခြေစုံမတ်၏။

- သူ့တစ်ကိုယ်လုံး
  မိုးစိုစက်စက်၊ ယိုစီးလျက်ပင်၊
  တုန်ယင်ချမ်းခိုက်၊ သပိတ်ပိုက်သည်၊
  ချလိုက်မျက်လွှာ တည်ငြိမ်၏။

- ဆန်ကြမ်းထမင်း
  ချဉ်ပေါင်ဟင်းမျှ၊ ဆင်းရဲသားဆွမ်း
  ပေးလှူကမ်းလည်း၊ ဝမ်းမြောက်ခံယူ၊
  ထိုအလှူကို၊ လူတွင်မက၊
  နတ်မျှသုဒ္ဓါ၊ ကဲ့ပမာသို့၊
  ဝမ်းသာချီးမြှောက် သုံးဆောင်၏။

- အချိုလိုလျက်၊ အခါးဖက်လည်း
  အချဉ်လိုလျက်၊ အစပ်စွက်လည်း
  နှစ်သက်မျှတ၊ အာဟာရကို

ဘဝတဏှာ၊ မပါမငြိ၊
သတိဝင်စား၊ သုံးဆောင်စား၍၊
တရားစီးဖြန်း၊ ကမ္မဋ္ဌာန်းနှင့်
မဂ်လမ်းထွင်သော်၊ နေခြင်းပျော်သည်
သူတော်စင်တို့ လမ်းပေတကား။ ။

၂၀-၇-၇၅



# တို့အင်အား

▲ အကြင်နာ အလှပန်းတွေနဲ့
အစဉ်ထာဝရ ငြိမ်းချမ်းဖို့ရှယ်။

▲ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယားတွေနဲ့
မွန်၊ ဗမာ၊ ရခိုင် မပြားပေဘု၊
နိုင်ငံသားရင်းချာ၊ ဉာတကာအများပေပ
အစဉ်အလာ၊ အားထားစရာ တစ်စုတစ်ဝေးညီကြစို့
ပြည်ထောင်စုအရေးသာ အမှန်ချောပေလိမ့်
သံယောဇဉ်ဖြင့် ရင်မှာတွယ်။
သြော် - ပြန်ပြောရင်ဖြင့် ရင်နာဖွယ်။

▲ သူတစ်လူ ငါတစ်မင်းသာပ
ဇမ္ဗူတစ်လူ မာန်တွေတင်းရင်ဖြင့်
စည်းလုံးခြင်း အစည်းပြေလို့
ခရီးအရှည် ဘယ်မှာကောင်းပေလိမ့်
ချောင်းနေသည့် ကျားအန္တရာယ်
ရန်စွယ်တွေက အလွန်များ။
သြော် - ကြံမယ်ဖန်မယ်လုပ်သူတွေက ဉာဏ်ကစား။

▲ တစ်ပါးကိုယုံ
အများ မကြုံစေနဲ့တော့
စကားပုံ အရှိသားပါပဲ
နွားကွဲလျှင် ကျားဆွဲသည့်ပမာပုံသို့
စာနာယုံ တကယ်မှတ်သားစရာပ
ပြတ်သားစွာ ပမာတင်ရရင်ဖြင့်
သည်ယုန်မြင် သည်ချုံထွင်ကြတာများဘိသနဲ့
တရားရှိစွာ ကိုယ်ရေးလုံစေဖို့
အားဖြည့်ကာပုံ ယုံကြည်မြဲစွာနဲ့
ပြည်ထဲသာယာ အရေးအခင်းလှမှာမို့
ညီရင်းအစ်ကိုပမာ သွေးချင်းချင်းနီကာပ၊
မပြီးမချင်း တစ်စည်းတစ်ဝင်းကာကြစို့
(သွေးချင်းတို့ရေ) စည်းလုံးခြင်းသည် တို့အင်အား။ ။
၂၃-၂-၉၁



# အထမ်းသည်

▲ ဝယ်လိုက်ပါဗျိုဗျို့
ချိုသာတဲ့သူတေး။
အိမ်တကာ ဝင်ကာကပ်
သူ့မှတ်တိုင်လေး။

▲ နှုတ်ခမ်းနီ သနပ်ခါး
အထည်များ အစုံပါ
ဝယ်ပါဗျို့လေး။
မလေးမေ သူ့အကြိုက်နဲ့
ချော့လိုက်ပါသေး။

▲ ပင်နီက တိုက်ပုံ
အာရုံက မသေး။
ခေါက်ရိုးသီသီနဲ့
မြန်မာပီ ညီစေဖို့
ရည်ခဲ့တယ်လေးတဲ့။

▲ နယ်တကာ အခေါက်ခေါက်
ရောက်ခဲ့ပေါ့ သူတို့တွေ
မိတ်ဆွေကမရှား။
ရခိုင်နယ် ခြေဆန့်လို့
နှံ့ခဲ့တကား။

▲ ထက်အညာ နယ်တစ်လွှားက
ထမ်းသမား ယောင်လည်လည်
ဝယ်သူနဲ့မဆိုး။
နွေရာသီ နှစ်စဉ်ပေါက်
ရောက်ခဲ့သကိုး။

▲ အထမ်းသည် ရုတ်တရက်
နှုတ်ဆက်လို့ ပြန်မယ်ဆို။
မုတ်သုံလေ ဝှေ့ကာယမ်း
ကြမ်းတော့မည်ကို။
ရခိုင်မ အသားညို
အပိုတွေ မဆိုတတ်ပါဘူး။
ရောက်ခိုက်မှာ ကြိုဆိုလို့
မောင်ကြီးလို သဘောပိုက်၊
ကူလိုက်တယ် စေတနာနဲ့
ရခိုင်မှာ သည်ဓလေ့ကြောင့်
ချမ်းမြေ့ကြည်နူး။ ။

၇-၈-၇၁



# သမိုင်းမှတ်တိုင်

▲ မြန်မာပြည်သူ့ ညီညွတ်မှုနှင့်
လူထုအောင်လံ၊ မိုးမှာပျံ့ခဲ့။

▲ ပဒေသရာဇ်၊ ဓားမိုးခေတ်ကို၊
စစ်နှင့်နယ်ချဲ့၊ ခိုးယူခဲ့၏။

▲ နယ်ချဲ့လက်တွင်း၊ ကျွန်အရင်းကို
မင်းပြုကိုင်ချုပ်၊ ဖက်ဆစ်ယုတ်က၊
သိမ်းအုပ်တစ်ဖန်၊ လုခဲ့ပြန်၏။

▲ နိုင်ငံကျွန်ဖြစ်၊ လှော်ရင်းနစ်သို့
နှစ်ပေါင်းရှည်ကြာ၊ တို့မြန်မာကား
ရွာလည်းကျေလျက်၊ စီးပွားပျက်ခဲ့
နယ်ချဲ့လက်ကမလွတ်သေး။

▲ သည်စနစ်နှင့်၊ သည်ခေတ်ကိုလှန်၊
အောင်နိုင်ရန်ကား၊ နိုင်ငံအတွင်း
ညီရင်းအစ်ကို၊ ကြည်ညိုလေးစား
စည်းလုံးအားသာ၊ အခရာဟု
တွေးကာရှေးရှု၊ ညီညွတ်မှုကို
ပြည်သူ့ချစ်ပန်း၊ ဗိုလ်အောင်ဆန်းတို့
စခန်းအောင်မြေ၊ ပင်လုံမြေတွင်
ခြေခံစိုက်ထူနိုင်ခဲ့သည်။

▲ ရှမ်းနှင့်ကရင်၊ ကချင်နှင့်မွန်
နိုင်ငံမျိုးသား၊ ကယားမကျန်
ရခိုင်မွန်တို့၊ ရည်မွန်ဆွေးနွေး
တစ်သွေးတစ်စိတ်၊ မမှိတ်မသုန်
ယုံကြည်လေးမြတ်၊ သည်စိတ်ဓာတ်နှင့်
လွတ်လပ်ရေးကို၊ တို့တောင်းဆိုခဲ့
မပြိုမကွဲတစ်စိတ်တည်း။

▲ ပင်လုံမှစ၊ ညီညွတ်ကြ၍
မြန်မာ့လွတ်လပ်ရေးပန်း၊ တို့လှမ်းနိုင်ခဲ့

▲ ပင်လုံစိတ်ဓာတ်၊ တို့စိတ်ဓာတ်ကား
ကိန်းဝပ်ခိုင်မာ၊ သံနှယ်မာခဲ့။

▲ ဘယ်သူနှောင့်ယှက်၊ ဘယ်သို့ဖျက်လည်း
မပျက်နိုင်ဘဲ၊ ခိုင်ကာမြဲခဲ့
မလဲမယိုင်၊ ထိုမှတ်တိုင်ကား
နိုင်ငံလွတ်လပ်ရေး၊ သမိုင်းမှတ်တိုင်တည်း။ ။

၉-၈-၇၁



# ပင်လယ်ထဲကနှင်းမုန်တိုင်း

▲ အရှေ့အနောက်
တောင်မြောက်ဝန်းကျင်၊ လှမ်းမမြင်သည်
ပင်လယ်ထဲက နှင်းမုန်တိုင်း။

▲ နှင်းမုန်တိုင်းထဲ
ရေဝဲစုတ်စုတ်၊ လှိုင်းပုတ်ပုတ်နှင့်
ငုပ်တုံပေါ်တုံ၊ တက်သက်စုန်၍
ချမ်းတုန်ခိုက်ခိုက်၊ မေးလည်းရိုက်ကာ
အငိုက်မိသောလှေကလေး။

▲ ကမ်းကိုမမြင်
လမ်းမမြင်၍၊ မတင်ရွက်ကြိုး
မထိုးလှေတက်၊ ရှေ့မဆက်နိုင်
အခက်ကြုံသောလှေကလေး။

▲ စမ်းတဝါးဝါး၊ ရှေ့တိုးသွားက
ဓားသွားနှယ်ထက်၊ ကျောက်စောင်းထက်၌
တက်ကျိုးလှေကွဲမှောက်လေအံ့။

▲ ဒီလည်းအကျ၊ သောင်ခုံစဥ္ဌ
ထိုးချမဆင်း၊ လှေနံတင်းသော်
ထမင်းအိုးကြီးကွဲလေအံ့။

▲ အရှေ့ကိုလျှင်၊ အနောက်ထင်၍
မမြင်မကန်း၊ ခရီးစမ်းသော်
လမ်းမှားကြုံကြိုက်ခက်ပေအံ့။

▲ သို့ဖြစ်ခြင်းကြောင့်
အံတင်းမေးကိုက်၊ ချမ်းတုန်ရိုက်လည်း
မငိုက်မတွေ၊ အိုဘယ့်လှေ
နေဝန်းပြူချိန်ဆိုင်းလေမှု။

▲ အတန်ကြာသော်
ရောင်ဝါနေဝန်း၊ ပြူ၍ထွန်းလိမ့်။

▲ နေဝန်းပြူသော်
နှင်းမြူလည်းကွဲ၊ မှုန်တိုင်းစဲလိမ့်။

▲ မှုန်တိုင်းစဲသော်
နှင်းကွဲလွင့်စဉ်၊ လမ်းကိုမြင်လိမ့်။

▲ ရောက်လိုလှမင့်
ချင့်တွေးဆုံးဖြတ်၊ သုံးသပ်ဆင်ခြင်
ဉာဏ်မြော်မြင်နှင့်၊ လှေရှင်ယောက်ျား
ဆိုင်းငံ့နားပြီး
ခွန်အားမွေးမြူ အချိန်ယူသည်၊
နှင်းမြူစဲချိန်ရောက်ခဲ့ပေ့ါ။ ။

၂၆-၇-၇၂



# လုပ်အား

▲ နှင်းဆီလေး တစ်ပွင့်နှစ်ပွင့်
ပြုံးဝင့်လို့ပန်ရန်။
သမီးငယ် ပန်းကြိုက်မ
စိုက်ခဲ့ရပြန်။
ပေါင်းမြက်ကို လှန်သင့်လှန်
မြေဆွေးကို မှန်မှန်ကျွေး။
ရေလောင်းကာ ဂရုစိုက်
ပိုးကိုက်ရင် ပိုးကိုသတ်
ပွင့်လတ်ပေ့ါလေး။

▲ ကြက်ကလေး တစ်မနှစ်မ
အမွေးလှ တပြောင်ပြောင်။
ချစ်သားငယ် မွေးမြူရေးသမားက
အားကျကာဂရုစိုက်
မွေးလိုက်ပေ့ါမောင်။
အချိန်မှန် အစာကျွေး
ရေလိုရင် ရေကိုပေးလို့
ရောဂါဘေး ဝေးလေအောင်
လှောင်သင့်ရင် လှောင်ကာထား။
အိပ်ရာနေရာ သန့်ရှင်းလို့
အပျင်းဆို ဝေလာဝေး
မငေးတကား။

▲ အပွင့်လို စိုက်ပျိုးရ
သမီးက လက်တွေ့သင်။
အသားနဲ့ ဥကိုကြိုက်
မွေးလိုက်ပေ့ါ သားလုလင်။
ကိုယ်နိုင်ရာ တာဝန်ထမ်း
လူစွမ်းလူ့အင်
ငယ်စဉ်ကသွေး။

▲ တာဝန်ဆို လက်တွေ့နှင်းပဲ့ါ
အချောင်ခို ပျင်းဆိပ်တက်မူ
ရှုက်စဖွယ်လူမဖြစ်
စိစစ်မှန်တွေး။ ။

၁၄-၈-၇၂



# ပြောက်ကျားစစ်သည်

(၁)

▲ ရွှေရည်ရွှေရည်၊ ဖျန်းပက်သည်သို့
လေပြည်အလာ၊ ဝေ့ဝိုက်ကာလျှင်၊
မြေမှာဖြန့်ကျင်း၊ ဝါဝါဝင်းသည်၊
မြေခင်းရွက်ဝါ ပုံပါကော။

(၂)

▲ သာကြည်သာကြည်၊ တေးဆိုသီ၍
ဟိုသည်လည်ပတ်၊ လွမ်းချင်းထပ်ခဲ့
မြိုင်ရပ်ကိုကြည်၊ ရွာသို့ဝင်သည်
တေးရှင်ဥသြ နွေပုံပြော။

(၃)

▲ နေပြည်နေပြည်၊ မပေါ်သည်လည်း
ရှည်ဝေးနှစ်တာ၊ ကြာတောင်းကြာပေ့ါ
ဇာနည်မောင်ဖွား၊ မယ့်သက်ထားသည်၊
ပြောက်ကျားတော်လှန်၊ ဖက်ဆစ်ရန်ကို
ပုန်ကန်ထကြွ၊ တော်လှန်ကြစဉ်
ရင်ဝကျည်သင့်၊ ကြွေကာလွင့်ခဲ့
သွေးနှင့်သစ္စာ ပြုပါကော။ ။

၁၉၆၄

# ရက်မြတ်မင်္ဂလာ

▲ လာလာလေ လိုက်ခဲ့တဲ့
ငယ်ကြိုက်ကယ်ခေါ်သူ။

▲ ညနေဆို ထန်းရည်မူးလို့
ရွာဦးမှာ ဓားကိုဆွဲ
အမြဲပဆူ။

▲ လိုက်ဝံ့ဘူး ပျို့ချစ်သူ
ရှင့်မူကမဟန်လို့၊

▲ ပျို့ချစ်သူ ထန်းရည်ဖြတ်မှ
ရက်ရာဇာ နှစ်ကိုယ်မှတ်
လက်ထပ်ကြစို့။ ။

၂၃-၃-၆၅



# ပုဂံပြည်မှာ

▲ ပုဂံပြည်မှာ၊ နော်ရထာ
ဆည်တာတွေတုတ်၊ တောကိုခုတ်စေ
လယ်လုပ်ယာခင်း၊ ရေကိုသွင်းစေ
ထမင်းဝမ်းရေးလုံပြီလေ။

▲ ပုဂံပြည်မှာ၊ နော်ရထာ
သာသနာယုတ်၊ အမြစ်ဖြုတ်စေ
ဗုဒ္ဓကိုယ်စား၊ မြတ်တရား
ထွန်းကားအောင်ပွဲခံပြီလေ။

▲ ပုဂံပြည်မှာ၊ နော်ရထာ
ကျောက်စာထွင်းထု၊ ယဉ်ကျေးမှု
အနုပညာ၊ ချီးမြှောက်ရာ
ပြည်ရွာငြိမ်းချမ်းခဲ့ပြီလေ။

▲ ပုဂံပြည်မှာ၊ နော်ရထာ
ရာဇာတို့ဘုန်း၊ မီးဟုန်းဟုန်း
ပတ်ကုံးသတင်း၊ ထုံပျံ့သင်း
အိမ်နီးမင်းတို့ ကြိုပြီလေ။

▲ ပုဂံပြည်မှာ၊ နော်ရထာ
ပြည်ရွာကောင်းကျိုး၊ သူသယ်ပိုး
စစ်ထိုးစစ်တက်၊ ပြည်သူ့လက်
စွမ်းထက်အောင်ပွဲခံပြီလေ။

▲ ပုဂံပြည်မှာ၊ နော်ရထာ
သစ္စာအောင်ပန်း၊ လက်ကိုင်လှမ်း
လူစွမ်းကောင်းများ၊ ချီးမြှောက်စား
တရားလက်ကိုင်၊ မယိမ်းယိုင်
နိုင်ငံအခြေကောင်းပြီတည့်လေး။ ။

၁၉၆၅ ခုနှစ်



# အထိန်းအချုပ်ကင်းပါသည်

▲ တာတမံတုတ်၊ "ကာရီ" လုပ်၍
သစ်ငုတ်ကိုလှန်၊ မြေရိုင်းထွန်ပြီး
သီးနှံစပါး၊ စိုက်ပျိုးစားသည်
ဝမ်းခါးပြည့်စုံပါရဲ့လား။

▲ အထက်ကကြွေး၊ အောက်ကကြွေးနှင့်
ဆေးကြွေးဝါးကြွေး၊ ဝတ်စားကြွေးတို့
ကျေအေးလွတ်မြောက်၊ ဝမ်းခါးလောက်၍
ကူထောက်ပေးငှ၊ လျှုဒါနနှင့်
မျှတရောင့်ရဲပါရဲ့ခင်ဗျား။

▲ ရိုးရိုးကုပ်ကုပ်၊ လယ်ကိုလုပ်၍
တောခုတ်တီထွင်၊ အိုအသင်
ညတွင်ကောင်းကောင်းအိပ်ရရဲ့လား။

▲ ခွေးဟောင်တိုင်းထ၊ ဟိုကာလနှင့်
ခုညခုခါ၊ မတူပါတော့
ဖျာမှာကျောချ၊ အိပ်ရေးဝအောင်
ညတိုင်းအိပ်ရပါရဲ့ခင်ဗျား။

▲ ကြိုးစားပမ်းစား၊ လုပ်ကိုင်ထားသည့်
စပါးပေါ်စ၊ နွေဦးလဝယ်
ညှိုးလျှပ်ပြင်၊ ဟိုယခင်လို
လယ်ရှင်လာရောက်သိမ်းသလား။

▲ ကိုယ်တိုင်ကြိုးစား၊ ကိုယ့်စွမ်းအားကြောင့်
ဖွားမြောက်သန့်စင်၊ စပါးမြင်က
လယ်ရှင်လာသိမ်း၊ ဒုက္ခငြိမ်းပြီ
အထိန်းအချုပ်ကင်းပါရဲ့ခင်ဗျား။ ။

၇-၁-၁၉၆၅

(ကာ = ကာဆီးသည်။ ရီ = ရေ။ ကာရီ = ရေငန်ကိုကာဆီးပြီး မိုးရေဖြင့် လယ်ယာလုပ်ကိုင်စားသောက်ရသော ရခိုင်မှ ဆည်တစ်မျိုး)



# ချစ်သူများသို့

(၁)

▲ အချစ်ကို ငါချစ်
အချစ်ကြောင့်ငါနေ။
မိခင်ဖခင်တို့
နေမဝင် အချစ်မင်း
ရင်တွင်းမှာလေ။
တစ်ရံတစ်ဆစ်မှ မမေ့ပေ
အဖေအမေတို့ရဲ့ ကျေးဇူးတရား။
တစ်ရံတစ်ဆစ်မှ မမေ့ပေ။
အဖေအမေတို့ရဲ့ ကြင်နာမှုများ။
ဘဝတာ အချိန်တိုင်းမှာ
လှိုင်းပမာ ငါ့ရင်ထဲ
ကဲမောက်လို့ကြွား။

(၂)

▲ အချစ်ကို ငါချစ်
အချစ်ကြောင့်ငါနေ။
အကြင်လင်မယားပေဟု
ကျိုးစီးပွား ထပ်တူပြု
ယုယမသွေ။

တစ်ရပ်တစ်ကျေးခွာလေ
ချစ်မိုးစွေထန်မြဲ။
သတိတရရနဲ့
နေမှကောင်းရဲ့လား
အဆင်မှပြေရဲ့လား
စဉ်းစားကာတွေဝေမူ
သူ့အတွက်ကဲ။

(၃)

▲ အချစ်ကို ငါချစ်
အချစ်ကြောင့်ငါနေ။
ချစ်သမီး ချစ်သားဟု
ကိုယ်ပွားကြောင့် ကြွားပိုပေ။
တစ်နေ့မှ ချစ်မပြေ
ချွေတာရ ငွေရေးကြေးရေး။
သူတို့တွေ လူရေးပြောင်ဖို့
တောင်ကိုကျော် တောကိုဖြတ်
စိတ်ဓာတ် ခိုင်ကျည်ကျည်နဲ့
သီကရီ ခရီးပန်းလည်း
လမ်းဝက်မှာ ပန်းမပျောက်ဖို့
လှမ်းလျှောက်ခါ သူတို့ရေး
တွေးရပါသေး။



(၄)

▲ အချစ်ကို ငါချစ်
အချစ်ကြောင့်ငါနေ။
တိုင်းပြည်ကို ချစ်တဲ့စိတ်နဲ့
အရိပ် ငါခိုလို့
စေလိုရာ ခရီးလမ်း
ဝန်ထမ်းကာ ငါချွေးသွေး
ပေးခဲ့မသွေ။
တိုင်းပြည်က ဘဝပေ
ဆွေတွေက ငါ့အသက်။
ဘဝတာ ခိုင်သမျှမှာ
မယိမ်းယိုင် သည်စိတ်ဓာတ်နဲ့
မြင့်မြတ်စွာ ငါ့မှာတွေးလို့
ကဗျာတွေ စာတွေရေး
ပေးဆပ်မပျက်။

(၅)

▲ အချစ်ကို ငါချစ်
အချစ်ကြောင့်ငါနေ။
လူ့ပြည်မှာ မှုပွေများလည်း
ငါလူသား မတွေဝေ။
အချစ်ကြောင့် ငါမသေ
အခြေကမယွင်း။

သူတို့ကို ချစ်နေသမျှတော့
ဘဝမှာ ရင်ဆိုင်ရဲလို့
မနိုင်နိုင်အောင် နွှဲမယ်ပ
အားခဲကာ မာန်ကိုဝင့်
ရဲရင့်ဘိခြင်း။ ။

၂၁-၇-၈၆



# ပန်းမပြတ်

▲ အက္ခရာ စာပေ
ဘာတွေဆို အမေမသိ။
ပုံပြင်တွေ အခန်းဆက်ကို
ညဥ့်နက်အောင် အမေပြော
မောသည်မရှိ။

▲ ကဗျာနဲ့ အလင်္ကာ
ဘာဆိုသည် အမေမသိ။
သားသည်းချာ အငိုတိတ်အောင်
အိပ်ရာဝင် ကဗျာတေးတွေနဲ့
ထွေးသိပ်ပါ၏။

▲ ကဗျာတွေ စာတွေ
အမေ မတတ်လည်း။
ချစ်စိတ်တွေ အလျှံကဲတော့
ရင်ထဲမှာ အလိုလိုပ
ကဗျာချို စာတိုစတွေနဲ့
လှပစွာ ပုံပြင်ဆန်းတွေက
သားအိပ်ရာ သည်တစ်ဝန်းမှာ
မွှေးပျံ့ကြည်ထုံလို့ လန်းခဲ့ပြီ
ပန်းမပြတ်ကြဲ။ ။

၁၇-၇-၈၇

# တာဝန်သိစိတ်

▲ ထမင်းတစ်လုတ်၊ စားမည်လုပ်တိုင်း
ကျွန်ုပ်စိတ်တွင်၊ ကျေးဇူးရှင်ကို
မြင်မိသည်ကား၊ လယ်သမားတို့
ကြိုးစားပန်းကုတ်၊ လယ်ကိုလုပ်လျက်၊
ထုတ်လုပ်ရင်းနှီး၊ ချွေးဖြင့်သီးဟု
ချီးမွမ်းတုံ့တင်၊ သူ့စွမ်းအင်ကို
မြင်သည်မှတ်မှတ်၊ ဦးလည်ညွှတ်မိ။

▲ ပုဆိုးအဝတ်၊ ဆင်ကာဝတ်တိုင်း
မပြတ်ရှုမြင်၊ ကျေးဇူးရှင်ကား
ပီပြင်ထင်ရှား၊ လုပ်သမားဟု၊
စဉ်းစားတွေးရှု၊ သိမှတ်ပြုလျက်
သူ့ကျေးဇူးတွေ၊ အပုံပေဟု
ရွှေရင်ဆွတ်နူး၊ စိတ်မှာကူးလျက်
ဦးလည်ညွှတ်ညွှတ်၊ အမြဲမှတ်မိ။

▲ လမ်းနှင့်တံတား၊ လျှောက်၍သွားပြီး
ကျောင်းများရုံးများ၊ ရောက်ရှိသွားလျက်
ရထားလေယာဉ်၊ ခရီးနှင်သော်



မိုးသွင်မြေထု၊ ကျယ်ဝန်းမှုနှင့်
တုန္နိုင်းတန်တန်၊ နိုင်ငံတော်ကား
ကျေးဇူးများဟု၊ စိတ်အားထက်သန်
ကျေးဇူးမွန်ကို၊ ကျေပွန်လိုလှ
ဆန္ဒစိတ်ကောင်း၊ ကိန်းဝပ်အောင်း၍
ကျိုးကြောင်းထောက်ရှု၊ လှံ့လပြုလျက်
သူ့တာကိုယ့်တာ၊ လုံအောင်ကာမည်
တာဝန်သိစိတ်၊ ဝမ်းထဲသိပ်ခဲ့
နင်းကြိတ်ချေလည်း ကြေအံ့လော။ ။

၁၇-၈-၈၆

# တန်ဖိုးသိစေချင်သည်

▲ ကျွန်းတစ်ပင်သည်
နှစ်ရှည်ပြုစု၊ ယုယမှုနှင့်
လူ့သက်တမ်းမျှ၊ ချိန်ကြာလှ၏။

▲ သစ်မာသံမျိုး
ပျဉ်းကတိုးလည်း ထိုနည်းလည်းကောင်း
ကြာညောင်းနှစ်ရှည်၊ စောင့်ရ၏။

▲ ကာလသည်မျှ၊ တန်ဖိုးကျ၍
ပြုရစုရ၊ ပျိုးထောင်ရသည်၊
မြန်မာ့သစ်တော ကြီးဝိုင်းတည်း။

▲ မြန်မာ့သစ်မျိုး အဖိုးလည်းတန်
စံချိန်လည်းမြင့်၊ မျက်နှာပွင့်ပေ့၊
ရွှေနှင့်အတူ စံနမူ။

▲ ကမ္ဘာ့ဈေးကွက်၊ တန်ဖိုးတက်ဘိ၊
တွက်ချေကိုက်သည့် မြန်မာ့သစ်။

▲ ထုတစ်လက်မ၊ သစ်တစ်စသည်
ရွှေစရွှေခဲ၊ တရဲရဲ။



▲ သည်မျှတင့်တင့်၊ တန်ဖိုးမြင့်သည့်
ရွှေနှင့်စံထား၊ သစ်တောများကို
ခားနှင့်ပိုင်းခုတ်၊ ထင်းဖြတ်လုပ်မှု
သေးနုပ်သိမ်ဖျင်း၊ အသိကင်း၍
စိတ်ရင်းညံ့သူ ဖြစ်ပေမည်။

▲ ပြုစုပျိုးထောင်၊ ညိုမှောင်စိမ်းရစ်
ပင်ပျိုသစ်ကို၊ ခုတ်ထစ်ဖျက်ဆီး
တောင်ယာမီးသည်၊
ဖြုန်းတီးရာလည်း ကျရောက်မည်။

▲ စနစ်တကျ
ခုတ်ဖြတ်ကြ၍၊ မျှတညီညွတ်
အကွက်ခတ်ပြီး၊ ထပ်မံစိုက်ပျိုး
အချိုးညီညီ၊ ထုတ်လုပ်သည်ဖြင့်
တိုင်းပြည်တန်ဖိုး၊ သစ်ပင်မျိုးသည်
တိုး၍တိုး၍စိမ်းဝေအံ့။

▲ သစ်ပင်တောမြ၊ စိမ်း၍လှမှု
အေးပူမျှတ၊ မိုးလည်းရ၍
သဘာဝဒဏ်၊ တို့တွန်းလှန်ပြီ
နိုင်ငံပြည်သူဝပြောအံ့။

▲ မျက်နှာပန်းလှ၊ တို့ဘဝလည်း
ဆထက်တိုး၍ မြင့်ပေအံ့။

၂၀-၇-၇၄

# ဆည်းဆာ

▲ ပင်လယ်ထဲ နေဝန်းနီ
ဝင်တော့မည် တကတဲ။
တိမ်နီလာ ပန်းချီဆေး
ရေးတုန်းပါပဲ။

▲ ဖျိုင်းအုပ်က ဝဲကာပျံ
နတ်ကန်ရွာနောက်ဖေး။
တိမ်ခိုကာ လေဟုန်စီး
ခရီးကဝေး။

▲ ဝေးပေမယ့် သူတို့နှင်
အိပ်တန်းဝင်နွေးထွေး။
သူတို့အိမ် သူတို့စခန်း
အေးချမ်းလိမ့်လေး။

▲ နွားမောင်းကာ ရွာကိုဝင်
ပျို့ကိုရင် လူညိုထွေး။
ဟင်းရွက်စုံ ခရုကဏန်း
ဖမ်းခဲ့တယ်လေး။

▲ အိမ်ရောက်တော့ သားမြေးစုံ
လွေးရုံပ ဟင်းကျွေး။



ပလုတ်ပလောင်းနဲ့
စားကောင်းတယ်လေး။

▲ ရေခပ်လမ်း တေးချို
ရွာ့နကို ငြိမ်းအေး။
ဆည်းဆာရီ ရွာပြင်လမ်းမှာ
ပန်းရနံ့မွှေး။

▲ ရွာဦးက ကုန်းကမူ
ထုံးဖြူလို့ဖွေး။
စေတီမှာ ရေချမ်းကပ်
ပန်းမပြတ်လေး။

▲ နေလုံးကြီးနီနီ
ဝင်တော့မည် တကတဲ။
မနက်ဖြန် အရှေ့ဘက်က
ထွက်ဦးမှာပဲ။

▲ နေရှိသမျှ ဆည်းဆာ
ရောက်မြဲသာတကား။
ကမ္ဘာမြေ တည်သရွေ့
ကြည်မွေ့ကာ သူ့အလှကို
ရကြစေသား။ ။

၂၁-၇-၈၆

# အိုဘယ့်လူငယ်

▲ အိုဘယ့်လူငယ်
ကြွယ်ဘိခွန်အား၊ ထွားဘိသိဉာဏ်
မဖောက်ပြန်လျှင်
နိုင်ငံအင်အားဖြစ်တော့၏။

▲ အိုဘယ့်လူငယ်
ဖြူဘိဘဝ၊ လှဘိအတွေး
မညစ်ထေးဖို့၊ ကိုယ်ရေးသန့်စွာ
နေထိုင်ပါလျှင်
ငါတို့လေးစားမိတော့၏။

▲ အိုဘယ့်လူငယ်
လူကိုလူချင်း၊ ရင်းနှီးချစ်ကျွမ်း
လမ်းလည်းမထောင့်၊ ဖြောင့်မတ်ရိုးစင်း
အမှောင့်ရှင်းလျှင်
မင်းကိုငါတို့ယုံကြည်၏။

▲ အိုဘယ့်လူငယ်
ကိုယ်ထူကိုယ်ထမ်း၊ ကိုယ့်စခန်း၌
ကိုယ့်လမ်းကိုထွင်၊ အောင်ပန်းမြင်လိမ့်
ဆင်ခြင်တွေးကြည့်၊ ငါတို့သိသည်
သင်၏စွမ်းအားယုံကြည်၏။



▲ အိုဘယ့်လူငယ်
ပြည်သူကိုယ်စား၊ ရန်သူများနှင့်
အသားထဲလောက်၊ သစ္စာဖောက်တည့်
မကြောက်တမ်းရှင်း၊ လွတ်လပ်ခြင်းကို
မင်းတို့စောင့်ရှောက်၊ အံ့ဩလောက်မည်
ဝမ်းမြောက်ဂုဏ်ယူလိုသတည်း။ ။

၁၅-၈-၈၅

# သစ္စာတူပြိုင်

▲ လှေကလှုပ်လှုပ်၊ လှိုင်းကပုတ်နှင့်
လေသုတ်သုန်ဖြူး၊ မြစ်ကိုကူးခဲ့
ချစ်ဦးခင်နှင့် မောင်အတူ။

▲ ကျောက်ဆောင်ထိပ်ထွတ်
စေတီမြတ်ကား၊ ရေပတ်လည်ဝိုင်း
မြမြမှိုင်းသည်
ရှုတိုင်းသာမော၊ ခေါင်းလောင်းတူ။

▲ လှေကိုလှော်ခတ်၊ ကျောက်တောင်ထွတ်သို့
ချဉ်းကပ်တက်ကြ၊ ဖူးမြော်ရအောင်
မောင်ကခင့်လက် တွဲကိုင်လျက်။

▲ သစ္စာတူတိုင်၊ နှစ်ဦးပြိုင်ခဲ့
နှစ်ခိုင်သောပန်း၊ ဆက်ကပ်မြန်းကြ၊
ငြိမ်းချမ်းခိုမှီး၊ ချစ်ခရီးမှာ
မိုးမည်းမသန်၊ လေထန်မရိုင်း
မုန်တိုင်းမရှိ၊ ငြိမ်းချမ်းဘိသည်
တပည့်တော်တို့ရပါလို၏အရှင်ဘုရား။



▲ စင်ရော်ပျံ့ဝဲ
ပေါက်ပေါက်ကြဲ၍၊ လက်တွဲရှင်မြူး
တို့နှစ်ဦးကား၊ သောင်ဦးထိပ်ထွတ်
စေတီမြတ်ကို၊ ရစ်ပတ်လှည့်ကာ၊
လှေကိုခွာလျက်၊ ရေပြာမှိုင်းရင့်
လေအပင့်၌ လှိုင်းမြင့်မောက်မို့
မကြောက်လိုတော့၊ နောက်ကိုမပြန်
ရှေ့သို့ဆန်ခဲ့ နီကြန်နေမင်း
ပင်လယ်တွင်းသို့
ဆင်း၍ငုပ်၍ဝင်ချိန်မှာ။

▲ နေမင်းအဝင်
လကိုမြင်ပေ့၊ ငွေစင်ပြန့်ပြူး
မြစ်ကိုကူးခိုက်၊ ကြည်နူးဖွယ်ပ၊
ကြားလိုက်ရ၏၊ တံငါ့ပိုက်တန်း
ပိုက်စခန်းမှ၊ လွမ်းဆွတ်ဖွယ်ရာ၊
တေးသံသာသည်
"သစ္စာတူပြိုင်ကူးမယ်" လေး။ ။

၂၂-၇-၈၆

# မညှိုးပန်း

▲ ကမ္ဘာကုန်
ဆန်းပုံဖြင့် အလွန်အကဲ။
ခဏကြာ နွမ်းကြွေခ
လွမ်းပွေ့ရမြဲ။

▲ ရိုးရှင်းမှုသာ
ဘယ်ခါမှမနွမ်း။
ကမ္ဘာကုန် တည်တံ့မယ့်
အံ့စရာပန်း။ ။

၁၄-၁-၈၅



# ငါ့အလွမ်း

▲ စားပါသောက်ပါ၊ စေတနာနှင့်
သာယာကြည်အေး၊ လေချိုသွေးသည်၊
တောကျေးလက်၏စေတနာ။

▲ တည်းပါခိုပါ၊ ချစ်ပျူငှာနှင့်
မေတ္တာချိုမွှေး၊ လေချိုသွေးသည်
တောကျေးလက်၏အကြင်နာ။

▲ ပြုကာစုကာ၊ ကူညီရှာကြ
ညင်သာကြည်အေး၊ လေချိုသွေးသည်
တောကျေးလက်၏ကရုဏာ။

▲ ခေါက်ခေါက်ခါခါ၊ ရောက်ဖူးပါ၏
ရင်မှာမမေ့၊ စိတ်ချမ်းမြေ့သည်
ယနေ့ထက်တိုင်၊ ပန်းပေါင်းလှိုင်သို့
ကြိုင်ဆဲပျံ့ဆဲ၊ တဝဲဝဲ။

▲ ခေါက်ခေါက်ခါခါ
ရောက်ခဲ့ပါ၏၊ ရင်မှာတမ်းတ
သတိရသည်၊ အဘမျက်နှာ
ဘွားမျက်နှာကို ကြာလည်းမမေ့
အနေ့နေ့ . . .

▲ ရောက်သည့်အခါ ကြိုဆိုပါ၍
ပြန်ခါနီးတွင်၊ ချစ်မိခင်သို့
ကြင်နာမွေးမြ၊ သားလူလှကို
ဖွဖွမှာတမ်း၊ ဆိုမြည်လွမ်းသို့
ချမ်းသာပါစေ၊ ကျန်းမာစေဟု
စေတနာမွှေး၊ လေချိုအေးကား
သွေးတုန်းဖျန်းတုန်း၊ ငါ့နှလုံးမှာ
မဆုံးနိုင်သေး၊ တတိုင်းမွှေးသည်
ကျေးလက်ရနံ့ ဆွတ်ပျံ့လှိုင်။

▲ မကြာမကြာ
နောက်ထပ်လာဟု၊ သာကြောင်းမာကြောင်း
သတင်းကောင်းကို၊ အပေါင်းမိတ်ထံ
စာရေးပြန်ဟု၊ လွမ်းသံနှောကာ
မှာလိုက်ရှာ၍
ကဗျာကလေး၊ ငါ့မှာရေး၍
ကျေးလက်ရပ်ထံ၊ အကြောင်းပြန်သည်
သံယောဇဉ်ကြိုး တင်းဆဲတကား။ ။

၃-၉-၈၅



# ရှာ့အခြေ

▲ ရုတ်တရက်လျှင်
နှုတ်ဆက်ထွက်ခွာ၊ အမေ့ရွာသို့
တစ်ခါတစ်ခေါက်၊ ပြန်မရောက်ခဲ့။

▲ ငယ်ကပေါင်းသင်း၊ သူငယ်ချင်းတို့
ထမင်းဝမ်းဝ၊ ကိုယ်လည်းလှ၍
မျှတပါမှ၊ မျှပါစ။

▲ စာသံပေသံ၊ တေးဆိုညံ၍
ကြမ်းကျွံကျိုးဟောင်း၊ စာသင်ကျောင်းလည်း
စုပေါင်းပြင်မှ၊ ပြင်ပါစ။

▲ ရွာဦးရေကန်၊ ဝင်းခတ်ရံ၍
မှန်မှန်ပြုပြင်၊ ရေနောက်စင်ဖို့
ဆင်ခြင်သုံးမှ၊ သုံးပါစ။

▲ ချောင်းကူးတံတား၊ ပေါင်းစုအားနှင့်
အများဝိုင်းဝန်း၊ ကူညီထမ်း၍
လမ်းသစ်ဖောက်မှ၊ ဖောက်ပါစ။

▲ ရွာဦးကုန်းပေါ်၊ စေတီတော်ကို
ပူဇော်ဝိုင်းဝန်း၊ ထုံးသက်န်းနှင့်
ရေချမ်းလှူမှ၊ လှူပါစ။

- တစ်နှစ်တစ်ခါ၊ သင်္ကြန်ခါနှင့်
ဝါဆိုဝါကပ်၊ ကျောင်းဇရပ်မှာ
ပေါင်းစပ်ဆွေးနွေး၊ ခမ္မတေးတို့
ငြိမ်းအေးသာမှု၊ သာပါစ။

- စသည်စသည်၊ တလည်လည်နှင့်
ရည်မျှော်ကာတွေး၊ ငါ့မှာငေး၍
အေးဆေးညင်သာ၊ ငါလိုက်ပါခဲ့
ရွာသို့အပြန် စက်လှေနှင့်။

- ရွာသို့ရောက်က
ဝမ်းမြောက်ဖွယ်ပ၊ ငါတွေ့ရ၏။
ဘဝအသစ်၊ အလှစစ်နှင့်
ညဖြစ်သော်လည်း၊ လျှပ်စစ်မီးတို့
ညီးညီးထိန်ထိန်၊ သီးသီးအိမ်၌
စည်းစိမ်ခံစား၊ သူတို့နားကြ
ရွာသားတွေမှု၊ ဟုတ်ပါစဟု
ငေးရမောရ၊ တဒင်္ဂဝယ်
ငယ်ကပေါင်းသင်း၊ သူငယ်ချင်းတို့
သတင်းစကား၊ တစ်ဆင့်ကြား၍
ငါ့အားဝိုင်းဝန်း၊ လက်ကိုကမ်းကြ၊
ငြိမ်းချမ်းပေစွ၊ အပြုံးမြနှင့်
တက်ကြွအားမာန်၊ သူတို့ထံ၌



တစ်ရံရောက၊ မမြင်ရသည့်
အလှတရား၊ စွမ်းပကားကို
ထင်ရှားစွာပ၊ မြင်တွေ့ရသည်
ရွှန်းမြပီတိလှိုင်ဘိတကား။ ။

၄-၉-၈၅

# ရင်ထဲကပီတိ

▲ မိုးကမရွာ၊
ရာသီပူနွေး၊ စိုက်ပျိုးရေးခက်၊
သီးနှံပျက်၍၊ သက်ပေါင်းများစွာ၊
သေကြရှာဟု၊ သူ့ရွာသတင်း
ကြားရခြင်းဖြင့်၊ ရင်တွင်းမှာဆူ
စိတ်ဝမ်းပူသည်၊
ငါမူမချမ်းသာတကား။

▲ လူနှင့်လူချင်း
သတ်ဖြတ်ညှဉ်းပြီး မင်းမဲ့ဝါဒ
ဖောက်ပြန်ကြ၍၊ ကျသည့်ရွှံ့ရွှံ့
သွေးရဲရဲတည့်၊ ပွဲတွေ့ကြုံကြိုက်
သူတို့ဆိုက်ဟု၊ ကြားလိုက်သတင်း
ငါ့ရင်တွင်းဝယ်
တင်းကျပ်နာကျင်မိတကား။

▲ ကိုယ်ရေးတွက်တာ၊
စီးပွားရှာ၍၊ မသမာမှု
နိုင်ထက်ပြုလျက်၊ လူ့ကျင့်ဝတ်တွေ၊



ပျက်ကြချေဟု၊ သူ့မြေသတင်း
ကြားရခြင်းဖြင့်၊ ရင်တွင်းမှာနာ၊
မကြည်သာသည်
ငါ့မှာ စိတ်ဝမ်းညှိုးတကား။

▲ သူတို့အရေး
ငါ့မှာတွေးပြီး၊ မအေးရင်မှာ
ကိုယ်ချင်းစာလျက်၊ ငါ့ရွာအေးချမ်း
ငါ့စခန်း၌၊ စမ်းလည်းကြည်ကြည်
ရာသီမြမြ၊ ပန်းလည်းလှလျက်
ဘဝခိုင်မာ၊ ကိုယ်ချင်းစာသည့်
မေတ္တာတရား၊ မခေါင်းပါးဟု
အားတက်ဖွယ်ပင်၊ ကိုယ်တွေ့မြင်သော်
ဘဝင်ချမ်းမြ၊ ပီတိခ၍
အလှဝေဖြာ၊ ငါ့နေရာတွက်၊
များစွာဂုဏ်ယူမဆုံးတကား။ ။

၇-၉-၈၅

# သူမရုပ်ပုံလွှာ

▲ ကောင်းနိုးရာရာ
ဖွေရှာလို့ချက်ပြုတ်။
ထမင်းမြိန်
တင်းတိမ်ဝအောင်
ချွေးကျကာ ပူမီးဟပ်လည်း
ကျေနပ်တဲ့ရုပ်။

▲ သင့်ရာတော်ရာ ဝတ်အဆင်
ကြိုတင်လို့သူချုပ်။
သန့်ပြန့်စွာ
ဝတ်စားရာ ကိုယ့်ကိုကြည့်လျက်
ပီတိချို နှလုံးမြတ်နဲ့
ကျေနပ်တဲ့ရုပ်။

▲ ကိုယ်ဘဝ ကိုယ့်လိုအင်
ကြိုတင်လို့ အမြဲလုပ်။
မောပန်းမထင်
ပြောစမ်းတယ် တရွှင်ရွှင်နဲ့
မငြိုငြင် ချိုလွင်အေးတယ်
တေးကလေး တစ်ပုဒ်နှစ်ပုဒ်။



▲ သူ့ကိုယ်ရေးမပါ
မာယာနဲ့ သူမချုပ်။
ရိုးရိုးသားသားနဲ့
ကြိုးစားကာ ပူပန်ဝေးလို့
လူဆန်တယ် သူ့အတွေးက
ကျေးလက်သရုပ်။

▲ အိမ်သူသက်ထား
ဇနီးမယားလည်းဟုတ်။
တိုက်ပွဲဝင် တိုက်ပွဲထွက်
ရဲဘက်လည်းဟုတ်။
မြို့မဆန် -
ကျေးလက်ပုံစံနဲ့
ချောယဉ်ဟန် တယ်မရှိလည်း
ပကတိရိုးသားလို့
ကြိုးစားကာ ဘဝရဲတဲ့
ကိုယ့်မယား အသားမည်းကို
ပွဲတိုင်းမှာထုတ်။ ။

၃၁-၈-၈၇

# မားမားမတ်မတ်

▲ လေတိုက်ရာ မျက်နှာမူ
လေရှူကာစုံရပ်။
အုန်းပင်တွေ ပင်လယ်နား
မားမားမတ်မတ်။

▲ ဖိနှိပ်ရင် မခံ
တော်လှန်တဲ့စိတ်ဓာတ်။
ရခိုင်သူ ရခိုင်သားတွေပေါ့
နယ်ချဲ့ရန် တော်လှန်ခြားစဉ်က
မားမားမတ်မတ်။

▲ နေပြင်းရာ ခေါင်းပြူ
နေပူမှာ ခေါင်းမတ်။
အလင်းကို ချစ်မြတ်နိုး
မိုးမျှော်လို့ရပ်။

▲ အုန်းပင်တွေ သီးချိုတွဲ
ဆွဲလည်းပြွတ်ပြွတ်။
ရခိုင်သူ ရခိုင်သားတွေက
ပြည်တည်ရာ စိတ်မပြားပါဘု
ခက်ခဲရန် ကျော်ဖြတ်လွှားမယ်
မားမားမတ်မတ်။ ။

၂၉-၉-၈၇



# အတုမရှိသောနှလုံးသားပိုင်ရှင်

▲ အမေ့နှလုံးသား
ပတ္တမြားလေ၊ ရွှေလျှော်ဇမ္ဗူရာဇ်
စိန်စစ်စီခြယ်၊ ပြုံးရယ်တောက်ပ၊
တစ်လောကလုံး၊ အလှဆုံးပေ၊
ရေမြေလောကဓာတ်၊ လွှမ်းပတ်သိုင်းခြုံ
ဂုဏ်ထူးဝိသေသ၊ နှိုင်းပြစရာ
ရှာဖွေမတွေ့၊ မြေ့မြေ့ချမ်းချမ်း
လွမ်းလွမ်းတတ၊ နေ့ညစိုးမိုး
တန်ခိုးတော်အရှင်၊ နှလုံးသားသခင်
အမေပင်ဖြစ်၏။

▲ အမေ့အသည်းနှလုံး
အမုန်းညစ်ကြေး၊ မြူမှေးမထင်၊
ရေစင်ကြည်ပြာ၊ သီတာခုနစ်တန်မက
ကျယ်ပြောလှဘိ၊ နက်ရှိုင်း၏လေ၊
အမေ၏အချစ်၊ နှလုံးသားအနှစ်ကို
တွက်စစ်ဖွေစမ်း၊ ကိန်းဂဏန်းနှင့်
မှန်းဆမသိ၊ အဖြေညှိလည်း
အမိ၏အချစ်ကို တို့မပြောနိုင်။

▲ အမေ့ကျေးဇူး
ချီးကျူးအံ့သြ၊ တောတောင်ရေမြေ
လေထုရေထု၊ စံပြုတိုင်းတာ
စကြဝဠာမက၊ ကြီးစွန့်နိုင်းဆို
မြင်းမိုရ်ဆယ်ဆ၊ မကကြီးကျယ်
အဘယ်သူမြတ်၊ ပေးဆပ်မကုန်
အမေ့ဂုဏ်ထူး၊ အမေ့ကျေးဇူး
ချီးကျူးရုံမှတစ်ပါး
အမေ့နှလုံးသားမျိုး မရှိနိုင်။

▲ အမေ့နှလုံးသားအလှ
အနန္တကျေးဇူး၊ ထူးထွေစံပြု
အနုပညာ၊ လက်ာပန်းချီ
ရေးသီကာရန်၊ ဖန်ဆင်းထုဆစ်
ခေတ်အဆက်ဆက်၊ သားတို့လက်နှင့်
ရက်ဆက်မပြတ်၊ ထပ်ထပ်ချီးကျူး
ဖူး၍မဝ၊ ဖန်တီးကြလည်း
နေ့ညသာကုန်၊ ရေးမကုန်သေး
အတွေးမပြတ်၊ ဆုံးမသတ်သေး
ဇာတ်လမ်းရှည်လျား၊ အမေ့နှလုံးသား၏
ကြီးမားမြင့်မြတ်၊ မေတ္တာဓာတ်ကား
လွှမ်းပတ်အုပ်စိုး၊ မြေကိုမိုးသည်
တန်ခိုးတော်အနန္တရှင်ပေတကား။ ။

၂၄-၈-၈၇



# ရွာအရိပ်

▲ ညီညွတ်စည်းလုံး၊ ရွာ၏ထုံးကို
မသုဉ်းမဆိတ်စေချင်တကား။

▲ သူ့ကျိုးကိုယ့်ကျိုး
ရွာတစ်ရိုးမှာ၊ အိမ်မိုးအိမ်ဆောက်၊
တစ်ယောက်တစ်လက်၊ ပါဝင်စွက်ကြ
ရွာ့လက်သမား၊ ရွာသားဝိုင်းကူ
တိုင်ထူတိုင်မတ်၊ ဖြတ်သူဖြတ်နှင့်
ကွပ်ညှပ်သယ်ပိုး၊ မိုးသူမိုးကြ
အိုးသစ်အိမ်သစ်၊ ထူထောင်ဖြစ်အောင်
စနစ်လည်းကျ၊ ပွဲပိုးကြ၏။
သူစကိုယ်ပါ၊ ရွာဓလေ့မှန်၊
မဖောက်ပြန်သည်
အကြံကောင်းနှင့် ဉာဏ်ကောင်းနှင့်။

▲ နားသရှင်ပြု
အိမ်ထောင်မှုလည်း၊ လူမှုစရိုက်
ထိုက်အလိုက်ပေါ့၊ နှစ်ခြိုက်ဝမ်းသာ
စေတနာနှင့်၊ သပြာငွေကြေး
တတ်အားပေးကြ၊ ပြေးကာလွှားကာ
ထင်းမီးရှာသူ၊ ဟင်းလျာစုဆောင်း

မောင်းထောင်းဆန်ဖွပ်၊ ရေခပ်ရေသယ်၊
ဖွယ်ဖွယ်ရာရာ၊ စေတနာထား
မေတ္တာပွားကြ၊ လုပ်အားအလှူ
စုပေါင်းကူသည်၊ အယူမပြား
အတူစားသည်၊
စည်းခြားမသတ် ဂုဏ်ဒြပ်။

▲ ဖြစ်လျှင်ပျက်ရ၊ လူ့ဓမ္မတည့်
အသုဘရုပ်၊ အကောင်ပုပ်ကို
ဖုတ်ကြည်းသင်္ဂြိုဟ်၊ ငိုသူငိုတ၊
ထိုကာလလည်း၊ ရွာ့ထုံးစဉ်လာ
ဟောသည့်စာနှင့်၊ သပြာတစ်ကျပ်
ဆန်ဖွပ်တစ်ပြည်၊ အညီအညွတ်
သတ်မှတ်စဉ်လာ၊ ပါဝင်ခလေ့
မမေ့မငြင်း၊ စာရင်းမကောက်
အိမ်တိုင်းရောက်၏။
နောက်ဆုံးခရီး၊ စုစည်းလိုက်ပို့
မျက်ရည်စို့ကြ
သူမို့ကိုယ်မို့အတူတူ။

▲ ဩော် - ညီညွတ်စည်းလုံး၊ ရွာ၏ထုံးကို
မသုဉ်းမကွယ်စေချင်တကား။ ။

၃-၁-၈၅



# ဘဝမြစ်တစ်စင်း

▲ မြစ်မှန်လျှင် ကောက်အကွေ့တွေနဲ့
သောင်တွေ့မှာ ဓမ္မတာပေါ့
စီးနှင်ရာ ခရီးလမ်းမှာဖြင့်
ကြမ်းချင်လည်း ကြမ်းပေမည်။

▲ ရပ်မနားပါခဲ့
ဖြတ်သွားစဉ် ခရီးလမ်းမှာဖြင့်
အလွမ်းဘယ်မှာ ဝေနိုင်လိမ့်
ရပ်တန့်နေ မရှိစကောင်းပေမို့
မြစ်ကြောင်းမှာ လှိုင်းဘောင်ဘင်နဲ့
အားမာန်ဝင် ခရီးပြင်း
ဆင်းခဲ့ရသည်။

▲ ပြေခါပြေ ချောခါချော
မောခါမော ပန်းခါပန်း
ခရီးကြမ်း ရှေ့သို့ချီ
နေခြည်နဲ့ပဝင်း။

▲ မြစ်ကိုငေးကာပေါ့
မြစ်ဘေးမှာ ငါပျော်ရွှင်လျက်
မြစ်အသွင် လူ့ဘဝပေဟု
တုပကာ အားမာန်မြတွေနဲ့

လောကကို ငါရင်ဆိုင်ခဲ့
မနိုင်တန် တစ်ခါရှုံးသော်လည်း
နောက်ဆုံးမှာ အောင်မလွဲပေဟု
စွဲမြဲစွာ ရင်မှာဆင်လို့
တစ်နေ့ဝင် တစ်မိုးသောက်
တစ်မိုးရောက်လျှင် နွေတပြန်နဲ့
လောကခံ ရင်ဆိုင်တွေ့ပါလို့
ပျော်မွေ့စွာ ဘဝလမ်းမှာ
ကိုယ်နိုင်ရာ တာဝန်ထမ်းခဲ့ပေါ့
မြစ်အသွင် ခရီးကြမ်းပေမယ့်
မညည်းတမ်း တောက်လျှောက်စီး
ပေါက်မြောက်ပြီး ပင်လယ်ထဲသို့
(ကွယ်) ဝဲရစ်ပြီးဆင်း။ ။

၁၅-၁-၈၅



# သည်စိတ်၊ သည်အလှ

▲ ခနိုရည် တစ်အိုးလောက်
ယောက်ဖကြီးဝယ်ခဲ့ပါ။
"မိုးထရည်*" ချိုခါးသက်
အမြုပ်တက်သောက်ချင်စရာ။
ငါးသရွဲခြောက် ဟာတာတာ
မြည်းစရာဖုတ်ဝေး။
ကောက်ရိတ်ချိန် နေအောင်းတော့
လယ်စောင်းမှာ အဖော်တွေနဲ့
ပျော်သလေ ခွက်စဉ်ချ
မော့ကြစို့လေး။

▲ သူ့လယ်ကို ကိုယ်ပါရိတ်
ကိုယ်ဖိတ်တော့ သူလာ။
တလင်းနယ် စပါးလှေ့
မမေ့ကြစေရာ။
ခေါ်သရွှေ့အကုန်ပါ
တို့တောရွာ တို့ဓလေ့။
လုပ်ငန်းအတူနွှဲမို့
မြဲခဲ့တယ် မေတ္တာစိတ်နဲ့
တေးသံသာ ဘယ်မဆိတ်တယ်
ရွာရိပ်ချမ်းမြေ့။

▲ ကောက်သိမ်းကာ တလင်းပွဲ
အပျင်းဆွဲ မနေသာ။
ဆောင်းရာသီ ပဲကိုစိုက်
ထွန်လိုက်စို့တစ်ခါ။
ညီတူကွဲ့ ညာညာ
ပါဝင်လို့လုပ်အားပေး။
ထွန်စပ်ကာ နွားကိုမောင်း
ထွန်ကြောင်းမှာ ပဲကိုချတော့
လုံမတွေ သူတို့လက်
သွက်လှတယ်လေး။

▲ အလှူအတန်းနဲ့
လုပ်ငန်း နေရာတကာ။
စုပေါင်းလှူ စုပေါင်းစား
လုပ်အားညီညာ။
ရွာဓလေ့ ရွှာသဟာ
ညီပါပေ့ ကောင်းမှု။
တို့ပြည်သူ သည်ဓလေ့နဲ့
ကြည်မွေ့စွာ နှစ်တွေညောင်းလည်း
မဟောင်းနိုင် ညီအောင်ပြု
တို့ပြည်ထောင်စု။ ။

၁၇-၁-၈၅

(✱ မိုးထ = နံနက်။ "မိုးထရည်" - နံနက်ပိုင်းရရှိသော ဓနိရည်)



# အမိရွှေပြည်

▲ ငါ့ကိုမွေးသည်၊ မြန်မာပြည်ကား
နေခြည်တစ်ထောင်၊ လရောင်တစ်သောင်း
ပန်းပေါင်းကုဋေ၊ အလှဝေသည်
ရွှေပြည်ဌာနဖြစ်တော့၏။

▲ ငါ့ကိုမွေးသည်၊ မြန်မာပြည်ကား
စပါးကောက်နှံ၊ ထွားထွားသန်၍
ရေကန်လည်းမောက်၊ ကြာတို့ပေါက်လျက်
ထက်အောက်စုန်ဆန်၊ သဘော်ညံ၍
ခြံထွက်သီးနှံ၊ ပေါပြည့်လျှံသည်
နိုင်ငံရွှေပြည်ဖြစ်တော့၏။

▲ ငါ့ကိုမွေးသည်၊ မြန်မာပြည်ကား
တရားဓမ္မ၊ ကျင့်သီလနှင့်
မိဘဆရာ၊ ဆုံးမစာနှင့်
သံဃာထေရ်မြတ်၊ ဆွမ်းကွမ်းကပ်လျက်
ရပ်တိုင်းဌာနီ၊ မွေသရီနှင့်
ရွှေပြည်ဌာနဖြစ်တော့၏။

▲ ငါ့ကိုမွေးသည်၊ မြန်မာပြည်ကား
အတီရှေးက၊ စသည်မြစ်ဖျား
စကားအရာ၊ အလိမ္မာနှင့်
ကျမ်းစာပေစာ၊ အက္ခရာနှင့်
ကဗျာပုံပြင်၊ ဇာတ်ရုပ်ရှင်နှင့်
နေချင်စရာ၊ အလှဖြာသည်
သာယာရွှေပြည်ဖြစ်တော့၏။

▲ ငါ့ကိုမွေးသည်၊ မြန်မာပြည်ကား
အရည့်ရွှန်းတောက်၊ စိန်ကျောက်နီလာ
သန္တာပုလဲ၊ ရွှေမည်းရေနံ
သယံဇာတ၊ ပြည့်ဝဖူလုံ
ယူမကုန်ပြီ၊ သန္ဓေတည်သည်
ရွှေပြည်ဌာနဖြစ်တော့၏။

▲ ငါ့ကိုမွေးသည်၊ မြန်မာပြည်ကား
ရာသီလည်းကောင်း၊ မြေလည်းကောင်း၍
သစ်ကောင်းဝါးကောင်း၊ ကျွန်းသစ်ကောင်းနှင့်
တောင်စောင်းတောင်ရိုး၊ ပျဉ်းကတိုးတို့
အဖိုးတန်ပေ၊ ပေါက်ရောက်လေသည်
ရွှေပြည်ဌာနဖြစ်တော့၏။



▲ ငါ့ကိုမွေးသည်၊ မြန်မာပြည်ကား
ယုံကြည်ချက်မွန်၊ ပန်းကောင်းပန်၍
နိုင်ငံတစ်လျား၊ ဆည်မြောင်းများနှင့်
တံတားပေါင်းကူး၊ အထူးထူးတို့
မြူးစရာဖန်၊ အောင်လံဝင့်ဝင့်
လေမှာလွင့်ပြီ၊ မျှော်လင့်ပန်းတိုင်
မယိမ်းယိုင်ပြီ၊ စည်းလုံးညီပေါ့
ရွှေပြည်ဌာနဖြစ်တော့၏။ ။

၂၇-၁-၈၅

# ဆေးကြစို့လား

▲ စာမပေးလှာနဲ့
စာပေးရင် မယူဘူးတဲ့
မပူစူး ငြင်းကာပယ်။

▲ ကိုသာခွေး
စာပေးမယ် သူကြံမှ
ဘယ်သူ့ညာဏ် ကြားဝင်ဖျက်ပါလိမ့်
တွေးခက်လှတယ်။

▲ တစ်ကြိမ်ပေး မယူလည်း
နှစ်ကြိမ်ပေး မယူလည်း
လူလစ်ရင် ကြိမ်ကြိမ်ပေးလို့
မေတ္တာရေး သူ့မှာဆွယ်
ဆယ်စောင်မက ရှိပြီတကား။

▲ ပေးတိုင်း စာမပြန်မို့
တာတေလံ မေတ္တာညှိုးပါခဲ့
ဇွတ်တိုးကာ သူမဖန်တော့
သူ့အကြံ လက်လျှော့လိုက်ခါမှ



ငိုရှိုက်ကာ လမ်းအကွေ့မှာ
တူနှစ်ကိုယ် ပက်ပင်းတွေ့တော့
လွမ်းငွေ့ဝေ နှုတ်ချိုမြင်ယ်နဲ့
ကျွန်မမှာ စာမတတ်ပါတဲ့
မတ်တတ်ကယ် သူဆိုမှ
ငိုမလို ရယ်ရခက်ကယ်နဲ့
ဘဝမှာ အမည်းစက်ကို
တိုက်ဖျက်ကာ သန့်စင်ပေးမယ်တဲ့
'အ' သုံးလုံးဆို ရေကြည်အေးနဲ့
(မပူစူးရေ) ဆေးကြစို့လား။ ။

၂-၁၂-၈၅

# လောကကိုတံ့ပြန်ခြင်း

▲ မျက်စိဆို ထိုပြတင်းက
အလင်းရောင် ဖျတ်ခနဲပင်
မှန်ခွဲလို့ဝင်။
အလှနဲ့အယဉ်
မြင်ရင်ဖြင့် စိတ်မှာစွဲ။
မမြင်လို အရုပ်ဆိုးကို
မြတ်နိုးနိုင်ပဲ။

▲ နားအကြည် ထိုပြတင်းက
အတင်းပ တိုးလို့ဝင်
သံမျိုးစုံလင်။
နားသောတ ကြည်စေ့ချင်
ချိုလျှင် စိတ်မှာစွဲ။
မချိုလွင် အသံကြားတော့
နားပိတ်သည်ပဲ။

▲ နှာဝဆို ထိုပြတင်းက
ချဉ်းနင်းလို့ တိုးဝှေ့ဝင်
ရနံ့စုံလင်။
မွှေးပျံ့လို့ သင်းကြည်လွင်
ရှူချင်ပ မရပ်မနား။
နံစော်ကာ ပုပ်အက်လို့



စိတ်ပျက်ဖွယ် အနံ့ဆိုးရင်
မြတ်နိုးမည် ဝေလာဝေး
ပြေးရှောင်လို့ရှား။

▲ ပါးစပ်ဆို ထိုပြတင်း
ရင်တွင်းက မွတ်သိပ်လျှင်
ဝါးလိုက်မည်ပြင်။
ရသာမို့ ချိုပါအစဉ်
မျိုချင်ပ မရပ်မနား။
မကြိုက်မနှစ်သက်ရင်ဖြင့်
အသက်ရာထောင် ရှည်စေတော့
ဝါးမည်ဆို ဝေလာဝေး
ထွေးအန်လို့ထား။

▲ လူ့ဘဝ ထိုက်အလိုက်
အကြိုက်မျိုးစုံထွေ။
မျက်စိ၊ နှာ၊ နား၊ ပါးစပ်
ပေါင်းအပ်တဲ့ခန္ဓာမြေ။
ရုန်းရင်းဆန်ခတ်၊ မပြတ်ပေ
အတ္တတွေ အလွန်များ။
အသိဉာဏ် ထိန်းကာအုပ်လို့
လူလုပ်မယ် ကြံပါမှ
လူ့ပုံစံ အံဝင်လို့
လူ့ဝန်းကျင် အနေမြင့်
တင့်လိမ့်တကား။ ။

၂၅-၇-၈၆

# ပန်းထော်ကျွန်း

(၁)

▲ အလျားရှည် အနံသေး
ကျွန်းကလေး ပန်းထော်
ကျွန်တော်ရဲ့ဇာတိ။
ရေပတ်လည် ဝိုင်းရံခ
ချမ်းမြပါ၏။

(၂)

▲ ရွာနောက်မှာ အုန်းပေါ
ကပွီးတော နောက်ကရံ
လှိုင်းညံတဲ့ကမ်းဘေး။
သဲသောင်ပေါ် ရွှရွှလှမ်း
ကဏန်းနီပြေး။

(၃)

▲ ကမ်းပေါ်မှ ငိုင်ကာငေး
ထိုင်ကာတွေး ရှုမျှော်
ပေါ်ပါခဲ့ရေးရေး။
စကု၊ မကျေးနဲ့
ဝေးကွာတယ် မာန်အောင်ကျွန်း
လှမ်းမြင်ရသေး။



(၄)

▲ ကျွန်းပေါ်မှာ လယ်ယာလုပ်
ကုန်ထုတ်တဲ့သီးနှံ
ဆန်ရေတဲ့စပါး။
မြေဩဇာ အလွန်နုပ်တော့
ပုတ်ပြည့်ကာကျီမမောက်
ဝမ်းလောက်သူရှား။

(၅)

▲ သည်ကျွန်းပေါ် ငါတို့ဖွား
ပင်လယ်နား ငါတို့ခင်
ပင်လယ်ပြင် မိတ်ကောင်း။
ကမ်းနီးကမ်းဝေးနဲ့
စက်ပြေးကာ လှော်ခတ်လို့
မရပ်တယ် တို့လုပ်အားကြောင့်
စားဝတ်နေ လူ့အရေး
အေးခဲ့ပါကြောင်း။

(၆)

▲ နတ်ကန်ဆို ဖောင်ဦး
ကမ်းနဖူး အဝယ်ဒိုင်
ပုစွန်တွေလှိုင်။
ရေခဲနဲ့ကိုင်
နိုင်ငံရဲ့ ထွက်ကုန်များ။

မပုပ်မသိုးစေဖို့
ထုပ်ပိုးကာအမြန်ပို့တယ်
တို့တွေလုပ်အား။

(၇)

▲ နွေရင့်ရင့် ပုစွန်ပျောက်
ရောက်ခဲ့ပေ့ါရေခူ
ဝယ်ယူတဲ့စခန်း။
ခူဖမ်းခူရောင်းနဲ့
လောင်းလှေတွေ မြစ်တစ်ကြောမှာ
မျောလိုက်ပါစမ်း။

(၈)

▲ ငါးပုစွန် ဝင်ငွေများကြောင့်
ထင်ရှားတဲ့ ပန်းထော်
ကျွန်တော်ရဲ့ဇာတိ။
လှုပ်လှုပ်ရှားရှားနဲ့
လုပ်အားဂုဏ် သူတို့ကိုး
မြတ်နိုးပါဘိ။

(၉)

▲ မြေသြဇာ ညွှံဖျင်း
သဲတလင်း ကုန်းခေါင်
စပါးမအောင်။



မအောင်လည်း လူတိုင်းပြောင်
ထောင်ပါခဲ့လက်မ။
ရေလုပ်ငန်းတွေကြောင့်
ဝမ်းရေး လုံတဲ့ပြင်
ဂုဏ်ထင်ဖွယ် လှူအတန်းတွေနဲ့
ရွာလမ်းမှာ လူစည်လို့
ကူညီညာ ဝိုင်းကာဝန်းကြတယ်
ချမ်းမြေ့ပေစွ။ ။

၂၆-၇-၈၆

# ကိုယ့်လမ်း၊ ကိုယ့်တာ

- ထုသံထောင်းသံ၊ ရိုက်ဟည်းညံသည်
  နိုင်ငံတည်ဆောက်နေသူများ။
- ပြောသံဟောသံ၊ ပွဲတင်ညံသည်
  နိုင်ငံတည်ဆောက်နေသူများ။
- သွားပြန်လာပြန်၊ ယောက်ယက်ဆန်သည်
  နိုင်ငံတည်ဆောက်နေသူများ။
- တူးသံဖော်သံ၊ သောသောညံသည်
  နိုင်ငံတည်ဆောက်နေသူများ။
- သီသံမှုတ်သံ၊ ညင်းညင်းညံသည်
  နိုင်ငံတည်ဆောက်နေသူများ။
- ဖြတ်သံခွဲသံ၊ ပွတ်သည်းညံသည်
  နိုင်ငံတည်ဆောက်နေသူများ။
- ထွန်သံယက်သံ၊ ရုန်းရင်းညံသည်
  နိုင်ငံတည်ဆောက်နေသူများ။
- သင်သံကြားသံ၊ ဆွတ်မြညံသည်
  နိုင်ငံတည်ဆောက်နေသူများ။



- ရေးသားဝေဖန်၊ ရိုက်ဖြန့်ညံသည်
  နိုင်ငံတည်ဆောက်နေသူများ။
- နေရာတကာ၊ တာဝန်ကိုယ်စီ
  စွမ်းရည်ကိုယ်ငှ၊ ကိုယ့်ကဏ္ဍနှင့်
  ရုန်းကြကန်ကြ၊ လှုပ်ရှားကြသည်
  ဘဝလက်တွေ့၊ သည်ယနေ့ကား
  ချမ်းမြေ့ကြည်နူး၊ ရောင်ခြည်မြူးတည့်
  ချီးကျူးမကုန်စွမ်းပကား။ ။

၂၅-၉-၈၂

# ပြည်သူအတွက် ပျိုးသောပန်း

▲ ချစ်၍စိုက်ပျိုး
မြတ်နိုး၍ထောင်၊ ပန်းတွေအောင်သော်
မောင်ကျေနပ်ပြီ၊ ကျေနပ်ပြီ။

▲ ပန်းဖူးမြမြ၊ ပန်းအလှကို
ပန်ရရုံတွက်၊ ချွေးစိုလက်နှင့်
မြေထက်စိုက်ပျိုး၊ မောင်မထိုးခဲ့။

▲ မွှေးလေဆွတ်ပျံ့
သင်းရနံ့ကို အံ့တစ်ပါးပေ
ရှူရစေဟု၊ တွေဝေမိုက်မှား
စိတ်ညံ့များနှင့် ကြိုးစားပန်းပျိုး
မောင်မထိုးခဲ့။

▲ ချစ်၍စိုက်ပျိုး
မြတ်နိုး၍ထောင်၊ ပန်းတွေအောင်သည်
အရောင်အသွေး၊ စုံလို့ထွေးကို
မမွှေးရလည်း၊ ဝမ်းမနည်းပါ
မပန်ရလည်း၊ ဝမ်းမနည်းပါ။

▲ မောင်စိုက်ပျိုးသည့်
မြတ်နိုးစရာ၊ ပန်းမာလာကို
ရှူကာနမ်းကာ၊ ပန်ဆင်ကာဖြင့်



များစွာလူသား ခရီးသွားတို့
အင်အားဖြစ်လျှင်တော်ပါပြီ။

▲ မွှေးလည်းမွှေးစွ၊ လှလည်းလှ၍
တရှုရှုငေး၊ ပန်းကလေးကို
မွှေးလိုမွှေးစေ၊ နမ်းကြစေပေ့။
ပန်းကိုပန်သူ
ခွန်အားအသစ်၊ သင်တို့ဖြစ်၍
ပျိုမျစ်ရွှယ်လူး၊ စိတ်ကြည်နူးကာ
ဖြောင့်ဖြူးလမ်းတာ၊ ခရီးသာလျှင်
ဝမ်းသာလှပြီ၊ ကျေနပ်ပြီလေ။

▲ ပန်းကိုမွှေး၍
အေးမြရင်၌၊ အမြိုက်တရား
ခံစားပျိုမျစ်၊ အင်အားသစ်၍
နှစ်လကြာရှည်၊ အနာသည်တို့
ကြည်လင်နိုးထ၊ လွတ်မြောက်ကြလျှင်
ပန်းလှတစ်ပင်၊ ပျိုးခဲ့စဉ်က
ကျခဲ့ရသည့်
ချွေးစချွေးနပျောက်မည်ပါ။

▲ ပန်းကိုပျိုးလည်း
ကိုယ်ကျိုးမောင့်တွက်မဟုတ်ပါ။

▲ ပန်းမြတ်နိုးသူ၊ ပန်းကြည်ဖြူသည့်
ပြည်သူအတွက်ပါတကား။ ။

၂၆-၉-၈၂

# ဦးညွှတ်လိုက်ပါသည်

- ဖက်ဆစ်ဖမ်းချုပ်၊ ကြိုးဖြင့်တုပ်လည်း
  နှုတ်ဆိတ်ငြိမ်နေ သူမပြော။
- ရင်ဝဖနောင့်၊ ဖိနင်းဆောင့်လည်း
  အောင့်သေပါစေ၊ သူမပြော။
- ခြေထောက်ကြိုးတည်း၊ ဇောက်ထိုးဆွဲလည်း
  အူသည်းပြောင်းဆန် သူမပြော။
- လက်သည်းခွံခွာ၊ သွေးပန်းဖြာလည်း
  နာကျင်ပါစေ သူမပြော။
- ကိုယ်မှာဓားညှဉ်း၊ ဆားသိပ်သွင်းလည်း
  အံတင်းကျိတ်ခံ သူမပြော။
- ငရုတ်ပူစပ်၊ မျက်စဉ်းခတ်လည်း
  ဆတ်ဆတ်လူးစေ သူမပြော။
- နည်းမျိုးစုံဖန်၊
  သေကြောင်းကြံလည်း၊ သံမဏိစိတ်
  ခေါင်းမညိတ်ချေ၊ အတိတ်ဇာတ်လမ်း
  တော်လှန်ခန်းမှ
  မှတ်တမ်းတစ်ပုဒ်ဖြစ်ပါသည်။



- ဖက်ဆစ်နယ်ချဲ့
  ကျူးကျော်ခဲ့စဉ်၊ တကယ့်ဖြစ်ရပ်
  ပြည်သူ့တပ်သား၊ တို့ပြောက်ကျား၏
  ကြီးမားလှုံ့ဖိတ်၊ မျိုးချစ်စိတ်နှင့်
  အတိတ်ဇာတ်လမ်း၊ တော်လှန်ခန်းမှ
  မှတ်တမ်းတစ်ပုဒ်ဖြစ်ပါသည်။
- မိမိနှုတ်မှ
  တစ်ခွန်းဟလျှင်၊ လနှစ်ပေါင်းကြာ
  စုဆောင်းလာသည့်
  ရိက္ခာလက်နက်၊ သိုသိပ်ဝှက်သည်
  စက်မက်ရေးရာ ဆုံးပေအံ့။
- မိမိနှုတ်မှ
  တစ်ခွန်းဟလျှင်၊ ဘဝတူများ
  ရဲဘော်များ၏ သွေးသားအသက်
  ဖက်ဆစ်လက်သို့
  ဝကွက်အပ်နှံ့ ဆုံးပေအံ့။
- မိမိနှုတ်မှ
  တစ်ခွန်းဟလျှင်၊ မှန်းဆမျှော်တွေး
  တော်လှန်ရေးကား
  နှေးကွေးတွန့်ဆုတ်သွားပေအံ့။

▲ တော်လှန်ရေးသာ၊ ကိုးကွယ်ရာဟု
တော်လှန်ရေးသာ၊ လွတ်မြောက်ရာဟု
ရွာကိုလည်းချစ်၊ ပြည်ကိုချစ်သည့်
မျိုးချစ်ပြောက်ကျား၊ သူနှုတ်ဖျား၌
စကားနှုတ်ဆိတ်၊ ခေါင်းမညိတ်ဘဲ
အံကြိတ်စတေး၊ သွေးကိုပေးအပ်
သူ့စိတ်ဓာတ်ကို၊ ဦးညွှတ်ခါခါ
ပြုမိပါသည်
ကဗျာဆရာမမေ့တကား။ ။

၂၈ -၉-၈၂



# တောင်ကုတ်တောင်ကြားလမ်း တစ်လျှောက်မှသည်လျှင်

▲ တောင်ကုတ်တောင်ကြား၊ ဖြတ်ကျော်သွားကြ
ကုန်ကားလူကားဝီညံလျက်။

▲ တောင်ကုတ်ပန်းတောင်း
သည်လမ်းကြောင်းကား ကောက်ကြောင်းရစ်ခွေ
နိမ့်ခြေမြင့်ခြေ တွန့်လိမ်ခွေလျက်
မြွေနဂါးပတ်၊ တောင်ကိုဖြတ်၍
မတ်မတ်စောက်စောက်၊ မိုးထိရောက်၏
လျှိုချောက်ကမ်းပါး၊ သည်းထိတ်ယားဖွယ်
ဖြတ်သွားကူးလူး၊ ဆက်ဆံဖူးက
ကြည်နူးသလို၊ လွမ်းသလိုနှင့်
ဖိုဖိုလှိုက်လှိုက်၊ တရှိုက်မက်မက်
ခံစားချက်နှင့်
နှစ်သက်စရာ၊ ချစ်မက်စရာ
ခါခါပြန်တွေး၊ လွမ်းမိလိမ့်။

▲ လမ်း၏ဝဲယာ၊ နှစ်ဖက်မှာကား
တောင်ယာစပါး၊ စိုက်ခင်းများနှင့်
သခွားငရုတ်၊ နှင်းကြီးလုပ်ခင်း
ခရမ်းခင်းနှင့်၊ ဟင်းသီးအစုံ
ထွက်ကုန်ပေါဖျင်၊ ကားနှင့်တင်ကြ
ယခင်ကနှင့်မတူပြီ။

▲ ခွေးတောက် ရေပေါ်ကြီး
ကားလမ်းနီး၌၊ ခရီးသည်များ
ခိုနားတစ်ထောက်၊ ပန်းဖြေပျောက်ဖို့
သောက်ရေအေးအေး၊ ဟင်းနံ့မွှေးနှင့်
လွေးလိုသလား၊ ခါသား ကြက်သား
တောဝက်သားနှင့် ပြောင်းသားရံခါ
ရတတ်ပါသည်၊ လိုရာရွေးကောက်
ကြိုက်သလောက်
ခုံခေါက်မှာ၍ လွေးပေတော့။

▲ ပိန္နဲရပ်တော်မူ
စလူစခန်း၊ ဝဲယာလမ်း၌
ကျွန်းစိုက်ခင်းတွေ၊ ရှုပါလေက
မျှော်ချေမဆုံး၊ ရွက်သိပ်ဖုံး၍
တောင်ကုန်းတောင်စောင်း
တောင်နှာမောင်း၌ အကိုက်အညှွန့်
လူးကာလွန့်၍ အနံ့နေရာ
တွေ့ရပါမည်
စီမံကိန်းနှင့် စခန်းနှင့်။

▲ မိုးများလွန်း၍
ကျွန်းမဖြစ်ဘူး၊ နှုတ်ကျူးစကား
ဆိုဖူးသလားလေ
ခုများစိုက်ပျိုး၊ ပျဉ်းကတိုးစား



ကျွန်းအားထားမို့၊ ကျွန်းကားဝေဝေ၊
မိုးကြိုက်ချေပြီ၊ ကျွန်းတွေထပ်ထပ်
နေရာစပ်ပြီး
ရပ်တော်မူဗိုလ်တဲမှရှုလိုက်လျှင်။

▲ ကျွန်းခင်းတစ်ဝိုက်
မီးတားလိုက်နှင့် စိုက်ပင်ကြပ်နုတ်
ခုတ်တန်ခုတ်နှင့်၊ ပေါင်းနုတ်ကြားလိုက်
ကြွင်းခွေလိုက်နှင့်၊ စိုက်ခင်းကြားတွင်
ရုတ်ခြည်းမြင်သည်
အသင်ဘယ်သူထင်သနည်း။

▲ ခေါင်းပေါင်းပေါင်း၍
ခါးတောင်းမြှောင်မြှောင်၊ နံငယ်စောင်နှင့်
တောင်သူအရှို သားချင်းပျို။
နားတောင်းပြိုးပြက်၊ မှန်စီကွက်နှင့်
လက်ကောက်ငွေကြိုး၊ ပလိုင်းပိုးသည်
အမျိုးသမီး အရှိုချင်း။

▲ နိုင်ငံကျွန်းခင်း၊ သူ့ကျွန်းခင်း
နိုင်ငံကျွန်းပင်၊ သူ့ကျွန်းပင်ဟု
ခင်တွယ်လုပ်ငန်း၊ သူ့အစွမ်းကြောင့်
ရွက်ဝန်းစိုစို၊ ပင်ပျိုစောက်စောက်
အံ့သြလောက်ပြီ
ကျွန်းပေါက်ပင်တို့ ဖွံ့၍ထား။

▲ တောင်ကုတ်ပန်းတောင်း၊
ကားလမ်းကြောင်းက၊ မီးမောင်းထိုးပြ
ကျွန်းအလှနှင့် မြန်မာ့ရတနာ
ပေါက်ရောက်ရာမြေ၊ ဖြစ်ပါချေ၏
တို့တွေဂုဏ်ယူမဆုံးတကား။ ။

၂-၁၀-၈၂



# မိုးခေါင်ရေရှားနိုင်ငံများ

▲ သူတို့နိုင်ငံ၊ သူတို့ထံ၌
ဆက်ဆံသည်လို ရှိသလား။

▲ ဇရာရွယ်ကျ
မိနှင့်ဖကို၊ ဦးချဦးနှိမ်
အကြိမ်ကြိမ်နှင့် သင့်တင့်ရာရွေး
ချီးချဉ်ကျွေး၍၊ ကျေးဇူးတုံ့ပြန်
မိဖဝန်ကို၊ ကျိုးနွံပြုစု
ထောက်ပံ့မှုနှင့် သာမူနာမူ
အစဉ်ရှုသည်၊ ကောင်းမှုကြိမ်ဖန်
တို့နိုင်ငံ၌
အမှန်ချစ်ဖွယ်ရှိပါသည်။

▲ စက်မှုသိပ္ပံ၊ သူ့နိုင်ငံ၌
ထူးချွန်ပြောင်မြောက်၊ အံ့သြလောက်လည်း၊
မတောက်မဖိတ်
စိတ်ဓာတ်ရေးရာ၊ အကြင်နာတို့
ထိုမှာမိုးခေါင်ကြသည်တကား။ ။

၁၁-၉-၈၂

# ပစ္စုပ္ပန်ကိုရုပ်ကြည့်ခြင်း

▲ တချို့မိုးရေ၊
ရွှံ့ဗွက်တွေထဲ၊ ဖျတ်ခနဲကျ။

▲ တချို့က
လမ်းမဘေးမှာ၊ ညစ်ထေးနံစော်
မြောင်းတွေပေါ်သက်။

▲ တချို့မူကား
လမ်းကြားနောက်ဖေး၊ မှိုက်ဆွေးရောယှက်
မစင်ထက်ကျ။

▲ တချို့မှာလေ
နွားခြေရာကွက်၊ နောက်ချေးထက်ပေါ်
ရေဖျော်စီးဆင်း။

▲ နေရာမျိုးစုံ
ကြုံရာမှာသက်၊ ရောယှက်စီးဆင်း
မြစ်ချောင်းတွင်းသို့။

▲ ထိုမှတစ်ဖန်
ဘေးရန်မသိ၊ ဆည်ကာမတား
ခရီးသွားပုံမှန်၊ ပင်လယ်ထံမှောက်
စီးဝင်ရောက်တော့။



▲ ညစ်ကြေးကင်းစင်
ကြည်လင်ပြာနှမ်း၊ ရှုလေစမ်းပ
မြရောင်စိန်ရောင်၊ တပြောင်ပြောင်တောက်၊
ဇာတ်ဟောင်းပျောက်ပြီ၊
နောက်ကြောင်းပြန်ဖို့လိုသေးလား။ ။

၂၅-၈-၉၁

# ပစ္စုပ္ပန်ခရီးသည်

▲ အတွေးအခေါ်မရှိ
အရေးပေါ်အသိနဲ့ လူလုပ်တယ်ဆိုချင်ဆို။

▲ လေထန်ရေဆန် ခရီးကြမ်း
မုန်တိုင်းလမ်း လှေမမှောက်
ခရီးရောက်ဖို့ လိုကိုလို။

▲ အတွေးအခေါ် အဘိဓမ္မာစကားတွေနဲ့
ချေးငှားကာ နှုတ်တိုက်ရွတ်
ချောမွတ်လို့ ဘယ်လိုချို
ဆိုသာဆိုအပိုတည်း။

▲ စကားလှရုံနဲ့
ဘဝမှာ ဘယ်လုံခြုံလိမ့်
ရေအစုန် လှေကြုံမျှောရုံနဲ့
သဘော ဘယ်ပီပြင်ပဲ့
သောင်မြင်ရင် ထိုးလို့ခွာ
လေလာတော့ ရွက်ကိုဆင်
လှိုင်းဘောင်ဘင် အားနဲ့ဆွ
မုန်တိုင်းည မာန်ဝင့်ထည်
အန္တရာယ် အရေးကြုံတော့
သည်ယမုန် အကူးမခက်စေဖို့
လက်တွေ့ကြုံ သက်လုံမက်ရမှာပေ့ါ
အရေးပေါ် တွေးခေါ်ချက်တွေနဲ့
(ကိုယ့်မှာလေ) ရှေ့ဆက်ခရီး။ ။





# ဂေါ်ဖီထုပ်ဥပမာ

▲ တပည့်တစ်ဦး၊ သူရည်စူး၍
ဦးဦးဖျားဖျား၊ ဆရာစားဟု၊
လေးစားရိုညွတ်၊ ပေးလှာအပ်သည်၊
လတ်ဆတ်လှသော ဂေါ်ဖီတစ်ထုပ်။

▲ ထိုဂေါ်ဖီထုပ်
အကျွန်ုပ်ကား၊ ရှေ့မှာထားလျက်
စဉ်းစားမိသည် သည်သို့ပါ။

▲ အပေါ်ဆုံးက၊ စိမ်းမြရော်ရင့်
နေရှိန်သင့်လျက်၊ အရွက်ဖားဖား
ဖုံးထားအုပ်အုပ်၊ ကွယ်ကာချုပ်သည်
သည်ရုပ်ကြမ်းစွ မိနှင့်ဖ။

▲ အတွင်းရောက်လေ၊ ညှံ့သက်လေနှင့်
နေဒဏ်လေဒဏ်၊ သင့်မခံရ
ဖြူလွလွဖွေးဖွေး၊ ရွက်နုလေးတွေ
ထွေးပိုက်ခံစား သမီးသား။

▲ ဂေါ်ဖီတစ်ထုပ်၊ ဇာတ်သရုပ်သို့
ဖော်ထုတ်စူးစမ်း၊ ကျွန်ုပ်တမ်း၍
လွမ်းဆွတ်ကြည်ညို၊ ကဗျာဆိုမိ
မိအိုဖအို ကျန်းမာပါစေ။ ။

# သမိုင်းမှတ်တိုင်များ

▲ ခါချဉ်အုံကို
မယုံဆွကြည့်၊ သေမည့်ဘေးလား
ဝေးစွမကြောက်၊ ခြေဖျားထောက်ကိုက်
ရဲလိုက်သည်ပ၊ ပွက်ချမနိုင်။

▲ ပရွက်တွင်းသို့
ချဉ်းနင်းမတော်၊ ခြေချော်ကျဘိ
မွကျိသေးငယ်၊ အရွယ်မမျှ
မာနမာန်စွယ်၊ အဘယ်မမှု
စုစုဝေးဝေး၊ သွေးစည်းညီညွတ်
သတ်လည်းမခွာ
ခန္ဓာစတေးရဲရဲရင့်။

▲ ပျားလပို့ကို
မီးတို့မှိုင်းလွှတ်၊ ဖွပ်ကြည့်စမ်းပါ
ညံစာဝီဝီ၊ တပ်ချီအုပ်ကျင်း
ဗျူဟာခင်း၍၊ အတင်းဝင်တုတ်
နောက်ဆုတ်မည်ဝေး၊ ကြွေးတင်မခံ
ရန်သူမမှု၊ အံတုဝံ့စား။



▲ ကျူးကျော်ရန်ကို
သိဉာဏ်ခေါင်းပါး၊ ပျား, ပရွက်, ခါ
မရွံ့ပါချေ၊ သေခါသေရော့
မာန်မလျော့ချေ၊ ခေါင်းမော့အံတု
ပြန်လှန်ခုခံ၊ မာန်နှင့်ပွက်ပွက်
အသက်စတေး၊ ရွံ့မပြေးတမ်း
ရှုစမ်းမြင်စမ်း၊ လက်တစ်ကမ်းမှာ။

▲ လူဆိုသည်မှာ
ကိုယ့်ပြည်ကိုယ့်ရွာ၊ ကိုယ့်သိက္ခာနှင့်
ထိလှာအမျိုး၊ ရွံ့ရိုးမရှိ
မာကျောဘိ၏။

▲ သတ္တိနှင့်သွေး၊ စတေးနှင်းအပ်
မြတ်သောသေခြင်း၊ လည်စင်းမခံ
အမိဌာန်နှင့် တော်လှန်ရေးစစ်
ပြည်သူ့စစ်နှင့် မျိုးချစ်သွေးသောက်
ရွံ့မကြောက်တည့်။

▲ အံ့လောက်ဖွယ်ရာ၊ တို့မြန်မာလည်း
အာဇာနည်မျိုး၊ ခြင်္သေ့မျိုးဟော့
မျိုးချစ်သွေးနှင့် တို့သမိုင်းစဉ်
ပြန်လှန်တွေးက ထာဝစဉ်မြင်။ ။

၁၅-၁-၉၆

# ခံတပ်သစ်ဆောက်ခြင်း

- အဝကျွေးပေမယ့်
မဝသေးပါဘူ၊
ခဏခဏ ပေးဦးကွယ်။

- လိုသလောက်ပေး
ပေးသမျှ ယူပေမယ့်
ဖူလုံတယ် စိတ်မချပါဘူ
ဆန်းသမျှ လိုချင်တယ်။

- အိုးပေါက်နဲ့ရေခပ်
အစိုဓာတ် ရရုံနှယ်
သယ်သမျှယိုစီး။

- လောဘတရားတွေနဲ့
ဒေါသအမှားတွေ ပြုကြတဲ့
သည်လူ့ရွာ ဆန္ဒစိုးပြန်တော့
ပြည့်ဖြိုးတယ် ဘယ်ရှိနိုင်ပ
သတိဆင် ဉာဏ်ချွန်းအုပ်
လူလုပ်မယ် မြော်မြင်မှ
တော်မည်ပင် ညွှံမနစ်ဖို့
ဆိုးကောင်းမြင် ကံကိုချစ်ပေရော့
ခံစစ်တွေ အတွေးမှန်ခဲ့
ဘေးနံကဆီး။ ။

၁-၂-၉၇



# ကိုယ်ပိုင်ဥစ္စာ

- "အဝစား" . . . တဲ့
ခင်ဗျားကျွေးတိုင်း၊ ကျွန်ုပ်မစား။

- "လိုတာယူ" . . . တဲ့
ခင်ဗျားလှူတိုင်း၊ ကျွန်ုပ်မယူ။

- သိပ်ခက်တာပဲ
မေတ္တာနှင့်ကူ၊ ယူထားလိုက်စမ်း -
မေတ္တာနှင့်ကျွေး၊ လွေးသာလွေးစမ်း -
ပေးတုန်းပေးခိုက်၊ ကျွေးတုန်းကျွေးခိုက်
ယူထားလိုက်တဲ့
မမိုက်စမ်းနှင့် သူကဆို။

- သည်မှာမိတ်ဆွေ
စေတနာမူ၊ ကျေးဇူးဟူသည်
သူတို့ကိုယ်ပြန်၊ ခရီးဆန်ရ
အမှန်တရားတစ်ခုပါ။

- တုံ့ပြန်ပေးနိုင်၊ မပိုင်ဝတ္ထု
ယခုကျွန်ုပ်မှာ၊ မရှိပါသေး
ဘယ်ခါရှိမည်မပြောနိုင်။

▲ ကျေးဇူးပိုင်ပိုင်၊ မပြန်နိုင်၍
ထိုင်ဆိုထိုင်ရ၊ ထဆိုထတုံ
ကြုံရဖြစ်ရပ်၊ ထိုထိုဇာတ်တွေ
အမှတ်ထင်ထင်မြင်ဖူးသည်။

▲ ဝရုံမှူဝ၊ မှူရုံမှမှူ
ဘဝလွတ်မူ၊ သည်တစ်ခုသာ
ရှေးရှုမြတ်နိုး၊ လူ့တန်ဖိုးဟု
ရိုးရိုးမြင့်မြင့် လူ့အကျင့်နှင့်
နေခွင့်ရှိက ကျေနပ်စွလေ
ဘဝသည်သာ
ဥစ္စာကိုယ်ပိုင်ဖြစ်ချင်တကား။ ။

၁၃-၂-၉၇



# ပြည်သူ့ဖတ်စာ

▲ ငါရေးသည့်စာ
ငါ့ကဗျာမူ၊ ဘယ်သူဖတ်ဖတ်
ဖတ်သမျှလူ၊ လွယ်တကူသိ
ထိမိစူးရှ၊ ရသငြိတွယ်၊
ငါ့နှယ်ထပ်တူ၊ သိတော်မူစိမ့်
ပြည်သူဖတ်စာ၊ ဖြစ်ဖို့ပါ။

▲ ကဗျာဖတ်စာ
ထပ်ကာထပ်ကာ ဖတ်ပြန်ပါလည်း။

▲ သူ့အားမငြီ၊
သူသိမလွယ်၊ ရည်ရွယ်မျှော်မှန်း
လမ်းမှမမြင်၊ စမ်းဝါးထင်သော်။

▲ ဘယ်မှာထိရောက်၊ စခန်းပေါက်လိမ့်
မှန်းသလောက်ဖြင့်ခရီးမတွင်။

▲ ကဗျာဟူသည်
ပြည်သူဖတ်စာ၊ ဖြစ်စိမ့်ငှာလျှင်
အလင်္ကာပန်း၊ ငါထုံမွှမ်း၏
ရွှင်လန်းထာဝရ မွှေးစေသော။ ။

၁-၂-၉၆

# ဆရာ့အလွမ်း

◈ ကျောင်းဆရာပါပဲ
ခေါင်းမာစွာ ဘ၀ရပ်
တောင့်မတ်လို့ အလှခြယ်။

◈ နေစရာ မခံ့ညား
စားဝတ်နေ မလက်ပြောင်လည်း
မရှက်ပေါင် နှလုံးမြတ်ပါရဲ့
သုံးသပ်မိ စိတ်မှာတကယ်။

◈ မီးတိုင်ပမာ
ရွှန်းမြိုင်စွာ စေတနာအလင်းတွေနဲ့
ခွင်းပါပေ့ါ အမှောင်နယ်
သွယ်ပါပေ့ါ အလင်းတန်း။

◈ စွမ်းအားတွေပြိုင်
ဘယ်သူပြိုင် လှုနိုင်တော့မှာလည်း
တပိုင်တနိုင် အလင်းတန်းတွေကြောင့်
ရွှင်လန်းစွာ ခရီးပေါက်
ဝမ်းမြောက်စွာ ခရီးထွင်
လိုအင်တွေ သူတို့ဖြိုးလေတော့
မြတ်နိုးဖွယ် ပီတိမြနဲ့
သတိတရ မှန်းမှန်းပြီး
(ဆရာ့မှာလေ) -
တပည့်အလှုတွေကိုလွမ်း။ ။

၂၈-၁-၉၇



# ပညာ၏နယ်ပယ်

◈ အိမ်တစ်ဆောင် ပြီးမြောက်ဖို့
စူးဆောက်တွေ ရှိလေရုံ
ဖူလုံရော့လား။

◈ လွှထိုးဆောက်ဖြတ်နဲ့
တတ်ပညာ နယ်ပယ်ဝေးရင်
လမ်းဘေးမှာ တိုင်ထူမတ်
လေးတိုင်စင် တစ်ဖက်ရပ်တောင်
ရွှဲ့တတ်တကား။ ။

၉-၂-၉၇

# ရေသောက်မြစ်

◈ စလျှင်စချင်းတော့
စည်းပေါ်နင်းလျှောက်ရ
လန့်ကြောက်စွတကား။
အတွေ့အကြုံနဲ့
အလေ့ထုံ ကြိမ်ဖန်ကျင့်မှ
ဝင်လိမ့်မမှား။

◈ လူဆိုသည်မှာ
ဉာဏ်ပညာကြီးမား။
မိမိမူပေါ် မိမိမတ်
စိတ်ဓာတ် မြော်မြင်လို့
နောင်အစဉ် ကောင်းဖို့ရေး
တွေးတော့မမှား။

◈ အစစ အရာရာ
စည်းဗလာ အနောင်ကင်း
ယွင်းတတ်တကား။
မိုးမြင့်အလံထူဖို့
စည်းမူပေါ်လှမ်းလျှောက်
လမ်းပျောက်ရင် ခရီးလွဲတာမို့
မညည်းဘဲ လေ့ကျင့်စမ်း
ချွေးလွှမ်းစေသား။ ။

၉-၂-၉၇



# ဤခရီးနီးသလားနှင့် အတူ

◈ နွေနေ့ခင်းကား
ပြင်းပြင်းပူလောင်၊ တွေ့မရှောင်သည်
မာန်စောင်နေသည့် နဂါးလို။

◈ ကြမ်းကိုထိမူ၊ ကြမ်းကပူ၍
လေပူထိရှု၊ ရှိန်းမြမြနှင့်
ဆာလှလောင်လှ ငါ့ခန္ဓာ။

◈ အပူပြင်းပြင်း၊ နွေနေ့ခင်းမှာ
ငြိမ်းခြင်းအေးရာ၊ ခဏရှာဖို့
စာတစ်အုပ်ကို ကောက်ဖတ်မိ။

◈ ချစ်စံဝင်းရေးစီ
"ဤခရီးနီးသလား"၊ စဉ်းစားတွေးမြော်
သူခေါ်ရာနောက်၊ တံခါးခေါက်သံ
ဒေါက်ဒေါက်ညံ၏၊ နက်ဖြန်သန်ဘက်
နေ့ရက်ဘယ်ခါ၊ မကြာစက္ကန့်
မတွေးဝံ့စား၊ သေခြင်းတရားကို
ပိုင်းခြားစိုးမိုး၊ ဘယ်တန်ခိုးရှင်
အောင်မြင်ပိုင်သ၊ မရရေးရေး
ရှည်လျားငေးကြည့်၊ ငါတွေးမိစဉ်။

◈ သတိရပေါ့
ခုမှခဏ၊ ဖွာလက်စနှင့်
ချထားဆေးလိပ်၊ စိတ်စွဲတစ်ဖန်
သောက်ချပြန်မိ၊ ပြန်ကောက်ကြည့်တော့
ငြိမ်းဘိအေးစက်၊ ရုတ်တရက်လျှင်
ချုပ်ပျက်တရား၊ မြန်လွန်းအားသည်
လှုပ်ရှားငေါ့စိတ်မငြိမ်သက်။ ။

၁၆-၃-၉၁



# ကျေးလက်အလှ

◈ ခေါင်းပေါင်းကြီးနဲ့ ဦးဒေဝါ
မနှင်းဆီရဲ့ အဖပါ။

◈ ဒေါ်နီလာရဲ့ မောင်အရင်း
ဦးရွှေမှတ်ရဲ့ သူငယ်ချင်း။

◈ ပဲခင်းလယ်စပ် ဦးရွှေညာ
ဦးဒေဝါရဲ့ အစ်ကိုပါ။

◈ ဒေါ်ငွေသာ နို့လုဖက်
ဦးဒေဝါနဲ့ အောက်အထက်။

◈ မျက်မှန်ကြီးနဲ့ ဒေါ်ငွေသင်
ဦးဒေဝါရဲ့ အရီးပင်။

◈ ခွေးခေါ်ငင်လို့ တောကိုတက်
ဖိုးခွေးအဖေ ကစားဖက်။

◈ မဇီးကွက်ရဲ့ အဖေနော်
ဦးဒေဝါရဲ့ ယောက်ဖတော်။

◈ ကျောင်းကြီးပျော်တဲ့ ဦးကဝိန္ဒ
ဦးဒေဝါရဲ့ သားကြီးဗျ။

◈ စကားထစ်အ မယ်ကြီးဖျော်<br>ဦးဒေဝါရဲ့ အရီးတော်။

◈ ဦးမဲကျော်က အသက်ကြီး<br>ဦးဒေဝါနဲ့ တူဝရီး။

◈ ဇနီးအသက် ဒေါ်သက်ပန်<br>ဦးဒေဝါနဲ့ လိုက်ဖက်ပြန်။

◈ ခြံအရံတွေ တစ်ဆွေလုံး<br>ဦးဒေဝါတို့ တပြုံးပြုံး။

◈ စည်းလုံးညီညွတ် တစ်သက်တာ<br>ဦးဒေဝါတို့ နေခဲ့ကြာ။

◈ ဘယ်သူလာလို့ ရန်မူရဲ<br>ဦးဒေဝါတို့ စည်းလုံးမြဲ။ ။

၂-၃-၉၁



# စစ်တမ်း

◈ စက္ကန့်မိနစ်၊<br>လကူးနှစ်ကြွေ၊ ငါတို့နေသည်<br>သည်မြေအကျိုးဆောင်ရဲ့လား။

◈ စားစားသောက်သောက်<br>ရောက်တတ်ရာရာ၊ လုပ်ငန်းတာဖြင့်<br>ငါတို့နေသည်၊ ငါတို့ပြည်သည်<br>တို့နေသည်ဖြင့်၊ တင့်ရဲ့လား။

◈ အသက်ရှည်ကြာ<br>အနာလည်းကင်း၊ နေခြင်းမြင့်မြတ်<br>ဆုလာဘ်များစွာ၊ တို့ရပါလည်း<br>ကြာရှည်ကြာမြင့်၊ နေသဖြင့်လျှင်<br>တင့်ကော တို့ပြည် တင့်ရဲ့လား။

◈ ဇနီးမယား<br>သမီးသားနှင့်၊ စီးပွားတောင်လောက်<br>ငါတို့မောက်လည်း၊ တို့ဆောက်တည်ထား<br>တို့စွမ်းအားသည်<br>အများအကျိုးပါရဲ့လား။

◈ စက္ကန့်မိနစ်
လကူးနှစ်ကြွေ၊ ငါတို့နေကြ
နှစ်တွေသာပြောင်း၊ အမှိုက်ဟောင်းသို့
ကောင်းကျိုးမရှု၊ ပြည်မှုမပါ
ရွာမှုမဆောင်၊ ငါတို့အောင်လည်း
အချည်းနှီးပင်၊ ခရီးမရောက်
မပြီးမြောက်သည်
ချီးမြှောက်ထိုက်သူမဟုတ်တကား။

◈ ပြည်တွက်လည်းပါ
ရွာတွက်လည်းပိုး၊ ကိုယ်ကျိုးလည်းရှု
သမမှုဖြင့်၊ လူမှုလုပ်ငန်း
အခန်းခန်း၌၊ အစွမ်းကုန်မြှင့်
ပန်းနှယ်ပွင့်လျက်၊ ရှည်မြင့်ရက်ကြာ၊
တို့နေပါမှ၊ တို့အလှသည်
ချီးမမြှောက်စား၊ တန်ဖိုးများလိမ့်
ဝင့်ကြွားဂုဏ်ယူဖွယ်ရာတည်း။ ။

၉-၃-၉၁



# ကျောက်မျက်ကောင်း

◈ ဘိုးဘွားမိဘ
ရိုးသားတိကျ၊ ဆိုဆုံးမနှင့်
ဘဝခိုင်မတ်၊ ငါ့မှာရပ်ခဲ့။

◈ နှုတ်ကပျားလို
ဆိုတော့ဖြောင့်မတ်၊ ကျင့်ဝတ်သေခွေ၊
စာပေနာကြား၊ သုတပွားမှု
ကောင်းစာရှု၍၊ လူ့အရေးခင်း
ကိုယ်တိုင်ရှင်းလျက်၊ သင်းပင်းညီညွတ်
သည်စိတ်ဓာတ်မျိုး၊ ညွှန့်မကျိုးဖို့
ဘိုးဘွားမိဘ၊ ရိုးသားတိကျ
ဆိုဆုံးမခဲ့ . . .။

◈ ပေးတိုင်းမယူ
သူမရိုးဖြောင့်၊ သူ့ကြောင့်ကိုယ်နာ၊
လူ့သိက္ခာကား၊ တစ်ခါကျိုးပြတ်
အမာရွတ်သို့၊ အမှတ်ထင်ရာ၊
တစ်သက်ပါဟု၊ ရှက်စရာမျိုး
အရုပ်ဆိုးဟု၊ ဘိုးဘွားမိဘ
ရိုးသားတိကျ၊ ဆိုဆုံးမခဲ့။

◈ မီးပွားပမာ
စီးပွားရှာသည်၊ မသမာမျိုး
ဥစ္စာဆိုးကား၊ ပိုးလောက်တွင်းပါ
အသီးနာသို့၊ ရသာမမြက်
အဆိပ်တက်ဟု၊ ရှက်ဖွယ်ရွံရှာ
ပျက်ဖွယ်ရာမျိုး၊ မမြတ်နိုးဖို့
ဘိုးဘွားမိဘ၊ ရိုးသားတိကျ
ဆိုဆုံးမခဲ့။

◈ ဘိုးဘွားမိဘ
ဆိုဆုံးမနှင့်၊ ဘဝခိုင်မတ်
ငါ့မှာရပ်ခဲ့။

◈ ယခုအခါ
ရတနာကို၊ လည်မှာဆွဲဆင်၊
ပွဲတိုင်းဝင်သော်၊
ယဉ်ကျေးသေသပ်၊ အရောင်ဟပ်သည်၊
တဖျတ်ဖျတ်ဝင်း၊ အနှံ့လင်း။

◈ ယဉ်ကျေးဖွယ်ရာ၊
သည်ရတနာကို၊ ခုခါပေးအပ်
သားလည်းဝတ်၍၊ မချွတ်မညည်း
သမီးလည်းဆင်၊ ကျောင်းတွင်များမြောင်
တပည့်ဆောင်ဟု၊ အရောင်ညီးညီး



အသီးသီးပင်၊ ငါ့နည်းငါ့ဟန်
နေ့တိုင်းနှံ့သည် -
ပန်ဆင်သူတိုင်း၊ ရောင်ပြိုင်းညွတ်ညွတ်၊
တဖျတ်ဖျတ်နှင့်
အရပ်ထဲမှာ တဝင်းဝင်း။
ကျောင်းခြံထဲမှာ တလင်းလင်း။
ကျောက်မျက်ကောင်းတို့ ရည်အချင်း။

၁၉၉၁-ခု၊ စက်တင်ဘာလ

# ပန်းနှင့်သစ်ပင်

◈ ပင်စည်ကိုင်းခက်၊
ရွက်လက်ညွန့်ဖူး၊ လွန့်လူးဝေဝေ၊
အုပ်ဆိုင်းနေသည်၊
စာပေသည် သစ်တစ်ပင်ဆိုမူ။

◈ ကဗျာသည်ကား၊
ခက်လက်ကြားဝယ်၊ ဝင့်ကြွားသင်းထုံ
အရောင်စုံပန်း၊ နုရွလန်းထွေး
လေပြည်သွေးလျက်၊ မွှေးမွှေးမြမြ၊
တရွရွဖူး၊ ရသမျိုးပေါ်
ခူးပန်ချင်ဖွယ်၊ အလှခြယ်သည်
ဘယ်ပန်းသာလို့ယဉ်အံ့နည်း။ ။

၂၆-၁၁-၉၁



# ပန်းကောင်းတစ်ပွင့်

◈ ကျောင်းခန်းထဲမှာ
သင်္ချာညံ့လှ၊ တပည့်မ
ဆရာကြည့်၍ စိတ်ပျက်စွ။

◈ ရည်မွန်ယဉ်ကျေး
ရုပ်ကလေးနှင့်၊ အေးအေးချိုချို
နူတ်လည်းစို၏
ကိုယ်နေသန့်ပြန့်၊ ရိုးခံ့ခံ့လေး
မညံ့ပေဘူးသူ့ရုပ်ရည်။

◈ ဝတ်ပုံစားပုံ
ကြည့်ရှုရုံနှင့်၊ ရိုးပုံအပုံ
သူမထုံချေ၊ သက်လုံကောင်းမည်
ထင်ရသည်လည်း၊ သူသည်ညံ့လှ
သင်္ချာကျသည်
အစမကောင်းခဲ့ပေကိုး။

◈ တစ်နှစ်မက
နှစ်နှစ်ကျ၍၊ ကျမျက်ရည်ဝေ
တတွေတွေနှင့်၊ ပေကပ်ပေကပ်
ကျောင်းတော်မြတ်ကို
ရပ်၍ကြည့်ကာ၊ နောက်ဆုံးခွာသည်
ရွာပြန်သွားနှင့်ကြာချေပြီ။

◈ တစ်နေ့သောခါ
သူတို့ရွာသို့ ဆရာတစ်ခေါက်
အလည်ရောက်သော်
အံ့လောက်ဖွယ်ပ၊ ပြန်တွေ့ရ
သချ်ာညှံ့သည့်တပည့်မ။

◈ ရပ်ရေးရွာရေး၊ လူမှုရေးနှင့်
သားရေးလင်ရေး၊ အိမ်ထောင်ရေးနှင့်
အေးမနေရ၊ သည်ကြားမှပင်
လှပရိုးခံ၊ သူ့မှာသန်ဆဲ။

◈ အိမ်ကြီးရခိုင်
ကုန်စုံဆိုင်ကြီး၊ ခံ့၍ဟည်းကို
ဦးစီးစီမံ၊ ရောင်းဟန်ဝယ်ဟန်၊
သွက်လက်ဖန်ခဲ့၊ ထူးချွန်ခိုအောင်း
ဘဝကျောင်းမှာ
ပန်းကောင်းအညွှန့်တလူလူ။

◈ ကျောင်းမှာညံ့လှ၊ သချ်ာကျလည်း
ဘဝသချ်ာ၊ ဂုဏ်ထူးပါ၍
ဆရာဝမ်းမြောက်ရပါသည်။ ။

၁၈-၉-၈၂



# မျဉ်းဖြောင့်၏အစွန်းများ

◈ နေ၊ လေ၊ ရေများ၊
ပွံ့ပိုးအားနှင့်
ငွားစွင့်ခဲ့တဲ့ပန်းကလေး။

◈ နေ၊ လေ၊ ရေများ၊
ပွံ့ပိုးထားလျက်
ကြွေသွားခဲ့ပြန်သူ့ဘဝ။

၈-၁၂-၉၂

# ပျဉ်းကတိုး

◈ ပျဉ်းကတိုးတဲ့
အဖိုးတန်သစ်တစ်ပင်။

◈ မာတဲ့နေရာ
သစ်တကာရဲ့
ထိပ်မှာအမြဲ သူဗိုလ်စွဲ။

◈ အိမ်ဆောက်ကျောင်းဆောက်
တံတားဆောက်စမ်း၊ အံ့လောက်မာဘိ၊
သူ့သတ္တိပေါ့၊ ဖိစမ်းနင်းစမ်း
ကြမ်းချင်ကြမ်းလေ -
အစွမ်းထက်တဲ့ သစ်မာတစ်ပင်။

◈ ပရိဘောဂ
လှပချောမွတ်၊ ပွတ်တိုင်းဖိတ်လက်၊
အရောင်ထွက်ရဲ့
စွဲမက်ဖွယ်ပ၊ ခိုင်ခံ့စွလေ၊
နိုင်ငံ့အလှကျက်သရေဆောင်။



◈ ရေလည်းမကြောက်၊
နေမကြောက်ပေ့၊ မြေအောက်နစ်နစ်၊
ဆွေးမညစ်လေ၊ သစ်သံမဏိ၊
ဆိုလောက်ဘိပေ့
အဓိပဓိရာဇဖွား။

◈ ပျဉ်းကတိုးတဲ့
အဖိုးတန်သစ်၊ မျိုးမှန်စစ်ကို
ခိုလစ်လှဲခုတ်၊ မျိုးမဖြုတ်နှင့်
ထိမ်းချုပ်စီမံ၊ ဖန်လည်းဖန်၍
ကြံစည်ကြိုးစား၊ ပွားလည်းပွားအောင်
စွမ်းအားရှိသမျှ၊ ကြိုးပမ်းကြလေ
မြန်မာ့ရတနာ သစ်ကောင်းတည်း။ ။

၂၃-၁၁-၉၃

# ငါတို့ပိုင် ရတနာများ

◈ ပန်းချီပန်းပု၊ အနုပညာ၊
တို့လက်ရာကား၊ ဘယ်ခါမညှိုး
ခံ့လည်းခံ့ညား၊ ဂုဏ်မြင့်ကြွား၏။

◈ စာပေဂီတ၊ မြန်မာ့သဘင်
အထင်ကရ၊ အမြင်လှ၍
ကမ္ဘာ့လယ်မှာ၊ ဂုဏ်ထည်ဝါ၏။

◈ သာသနာရောင်၊
နေသို့ပြောင်၍၊ ရွှေတောင်မားမတ်၊
စေတီမြတ်နှင့်၊ ပြာသာဒ်တန်ဆောင်း၊
ကျောင်းလည်းမားမား၊ တရားဓမ္မ
သီလသိက္ခာ၊ များသံဃာနှင့်
ကမ္ဘာ့လယ်တင့်၊ ဝင့်လည်းဝင့်၏။

◈ စိမ်းလည်းစိမ်းလန်း
တောင်တန်းထိုထို၊ ရေညိုရစ်ဝန်း
ကမ်းလည်းခွေခွေ၊ နေခြည်ပြိုးပြက်
ထွက်ကုန်သီးနှံ၊ ဆန်ရေစပါး
ဝမ်းခါးလည်းလုံ၊ ယုံကြည်လေးမြတ်
စိတ်ဓာတ်လည်းမွန်၊ သယံဇာတ



ဓနလည်းကြွယ်၊ ပြုံးရယ်ရွှင်မြူး
ကြည်နူးဖွယ်ရာ၊ တို့မြန်မာကို၊
ကမ္ဘာတစ်လွှား၊ စိတ်ဝင်စားကြ၊
တို့များဖန်ပြု၊ ယဉ်ကျေးမှုနှင့်
အနုပညာ၊ ရတနာကြောင့်
ငါတို့ဂုဏ်ယူနိုင်ပြီတကား။

၂၉-၁၂-၉၄

# အမေ့အတွက်ဆုတောင်း

◈ ကျွန်ုပ်အမိသည်
ပကတိရိုးရှင်း၊ နှလုံးရင်းနှင့်
ပေါင်းသင်းဆက်ဆံတတ်သူပါ။

◈ ကတိနှုတ်လွန်
ဟန်ဆောင်မာယာ၊ အကာပျစ်ပျစ်၊
အနှစ်မဲ့ရှား၊ နှုတ်စကားနှင့်
မုသားလက်ာ၊ မဆင်ပါတတ်၊
ပျူငှာသင့်သလောက်ပျူငှာ၏။

◈ မရှိမရှား၊ သတိထား၍
စီးပွားစုဆောင်း၊ မိတ်အပေါင်းနှင့်
နှစ်ထောင်းရွှင်လန်းနေတတ်၏။

◈ သားရေးသမီးရေး
သာရေးနာရေး၊ လူမှုရေးနှင့်
အေးတူပူမျှ၊ သူသမ၍
ဝေငှပေးကမ်း၊ မေတ္တာစမ်းလည်း
မခန်းမခြောက် စီးပေ၏။



◈ သို့မို့ကြောင့်ပင်
ကျွန်ုပ်မိခင်ကို၊ ဝန်းကျင်ပိုက်ထွေး
ပန်းကောင်းမွှေးသို့၊ တလေးတစား
“အမေထား” ဟု၊ ပျံ့ရှားနှုတ်ပျော်၊
ရွှာမှာခေါ်သည်၊
သက်တော်ရာကျော် ရှည်စေသတည်း။ ။

၁၇-၂-၉၅

# ကဗျာငှက်

◈ လည်ညိတ်ခေါင်းခါ၊
ကူသံသာ -
ကဗျာသီတဲ့ချိုး။

◈ ဝါးပင်ကိုင်းပေါ်
တူနှစ်ဖော်
တေးကြော်ငြာလို့ပျိုး။

◈ ရံခါရံဖန်
အထီးကျန်
လွမ်းဟန်ငေးတဲ့ချိုး။

◈ ကဗျာသီရင်း၊ တေးကျူရင်းနှင့်
ကွင်းတကာမှာ၊ အနှံ့ရှာ၊
ဝမ်းစာပြည့်နိုး၊ လောက်ငနိုး။

◈ လေးမြားညွှတ်ကွင်း
ဘေးရန်ရှင်း၍၊ စမ်းတွင်းမြောင်စပ်၊
ချောင်ကိုပတ် -
ရေငတ်ပြေနိုး၊ သောက်ရနိုး။ ။

၂၄-၁၁-၉၁



# ဝေဖန်ယုံ

◈ ကောလာဟလ၊ သတင်းရတိုင်း
ထထမပြေးလေနှင့်ဦး။

◈ ဉာဏ်မြော်ချင့်၍
သင့်မသင့်ရှု၊ ဝေဖန်မှုဖြင့်
အတုအစစ်၊ အနှစ်သာရ
လက်တွေ့ကျသည်
ဘဝတွေ့ကြုံ၊ ထုံမှသင့်၏
ချင့်ပေ့ါချင့်ပေ့ါ ဝေဖန်ယုံ။

◈ ပြောတိုင်းယုံ၍
ယုန်တို့လန့်ပြေး၊ ဆင်မြင်းပြေးနှင့်
ခွေးပြေးဝက်ပြေး၊ စိုင်ဆတ်ပြေး၍၊
ဘေးဖြတ်အံ့မူး၊ ကြုံရဖူး၏၊
ရှူးတိုင်းမကောင်း၊ ဉာဏ်ဦးခေါင်းနှင့်
ကျိုးကြောင်းဆင်ခြင်၊ ရှုမှမြင်သည်
ကြည်လင်အောင်ဖြင့် မြော်တတ်မှ။

၅-၂-၈၈

# သူ့စံနှင့်သူ

◈ ခရီးအစမှာတော့
သမီးဘ၀ ကလေးပါ။

◈ ကလေးဆိုတာ ဘုရင်တစ်ပါးပါပဲ
တင်စားကာ အဖေဆိုချင်ရဲ့
မပြီးပြင် လိုအင်ဖြည့်ရမှာက
မိဘ၀န်တာ။

◈ စားလိုရာ အစုံကျွေး
၀တ်လိုရာ အကုန်ပေးလို့
ပိုးမွေးသလို အစဉ်မွေးကာပ
ယဉ်ကျေးမှုရှိစေရာ
အတတ်ပညာတွေလည်း သင်လို့ပေး။

◈ အတန်းတွေကုန်
လောကမှာ ရာထူးဂုဏ်နဲ့
သင့်တင့်ရုံ အခြေမြင့်ပါ၍
ချင့်တွက်စာနာ ပန်းကိုရွေးဆိုတော့
ပန်းမွှေးကို သူမပန်တဲ့
အရိုးခံ ထုံးနောက်စမှာ
ဆီသ,ကာ ဘီးကိုဆင်လို့
နဂိုယဉ် လိုအင်ပြည့်ပြီမို့



ပြီးပြင်မရှိ ခွင့်လွှတ်စေချင်သတဲ့
ဘယ်လိုပင် ကျိုးကြောင်းပြသော်လည်း
အိုးကောင်းလျှင် မီးခံသတဲ့
သမီးစံ သမီးရွေးသူမို့
အေးပါစေ ဆုမွန်ကောင်း
တောင်းရုံပလေး။ ။

၂၂-၂-၉၁

# ကျေးလက်နံ့နက်ခင်း

◈ နံနက်ခင်းသည်
ပျင်းရိသူများ၊ ချန်လှပ်ထားပြီး
အင်အားရှိစွာ၊ နိုးထလာပြီ။

◈ တစ်ရံရောက၊ ပုံပြင်စသည့်
ဘဝအလွမ်း၊ ထိုဇာတ်လမ်းမျိုး
မပျိုးနိဒါန်း၊ လက်ရှိုငန်းမှာ
ဇာတ်လမ်းသစ်တွေ ခင်းခဲ့ပြီ။

◈ သုတ်သုတ်မြန်မြန်၊ လေကိုဆန်၍
တောင်ပံရိုက်နှက်၊ အိပ်တန်းထက်မှ
သက်ကြွဆူညံ၊ ကြက်တွန်သံတို့
နံနက်ခင်းအား၊ ကိုင်လှုပ်ရှားသည်
လှိုင်းများဘောင်ဘင် ခတ်ခဲ့ပြီ။

◈ ခမောက်ကိုဆောင်း၊ နွားကိုမောင်းလျက်
လယ်ချောင်းကာရီ၊ လုပ်ငန်းဆီသို့
ရာသီအလိုက်၊ တောစရိုက်နှင့်
သိုက်ဝန်းညီညာ ထွက်ကြပြီ။



◈ ပိုက်စခန်းတွင်၊ ပိုက်လှေဝင်သော်၊
လျှင်မြန်သွက်သွက်၊ ငါးတောင်းရွက်၍
စက်စက်ယိုယို၊ ရေစိုစိုနှင့်
မြီးတိုဖိနပ်၊ တဖျတ်ဖျတ်စီး
ကွမ်းဖတ်ဖတ်ထွေး၊ ဈေးသို့ပြေးသည်
ကျေးလက်သူတို့ ဈေးတက်ပြီ။

◈ အသွားအပြန်၊ လှေသမ္ဗန်နှင့်
နံနက်စောစွ၊ အိပ်ရာထ၍
အဘဆောင်ပို့၊ သူ့ကူးတို့ကြောင့်
မြို့တက်ဈေးလာ၊ လုပ်ငန်းတာနှင့်
များစွာလူတို့ ခရီးပေါက်ပြီ။

◈ နံနက်ခင်း၏
ညှင်းညှင်းပျံ့ပျံ့၊ သန့်သန့်မွှေးမွှေး
လေပြည်အေးတွင်၊ တို့ကျေးလက်ရွာ
စခန်းသာ၏၊ ရွာဦးကျောင်းမှ
ဓမ္မတေးသံ၊ ဆွတ်ပျံ့ညံသည်
ဗုဒ္ဓံသရဏံ၊ ဂစ္ဆာမိပါဘုရား။
ဓမ္မသရဏံ၊ ဂစ္ဆာမိပါဘုရား။
သံဃံသရဏံ၊ ဂစ္ဆာမိပါဘုရား။

၁၆-၂-၉၁

# မြွေစကား

◈ မသိဝိုးဝါး၊ သိဝိုးဝါးနှင့်၊
ကြိုးစားပန်းစား၊ ဖတ်ပါပြောလည်း၊
ဝိုးဝါးမပျောက်၊ ဝိုးဝါးနောက်ဆဲ၊
ဝိုးဝါးချောက်သည့် မင်းတို့ကဗျာ။

◈ မြန်မာစာကို၊ ပါဠိမစွက်၊
အနက်ထင်ထင်၊ အလင်္ကာစပ်၊
ကဗျာဖတ်လျက်၊ ဆက်စပ်တွေးခေါ်
တို့မမြော်တတ်၊ တို့စာတတ်လည်း
စာငတ်သည့်နှင့် ဘာမှမခြား။

◈ ခေတ်ပေါ်အတွေး
ခေတ်ပေါ်ရေးသတဲ့လား-
ခေတ်ရေးခေတ်ရာ၊ ခေတ်ကဗျာကို
သူငါလေးစား၊ ဖတ်ပါပြောလည်း
နားမလည်မို့၊ လမ်းပိတ်ဆို့ပြီ
မင်းရို့ကဗျာ ဘယ်သို့နည်း။

◈ ကဗျာသမား၊ ကဗျာသားချင်း
မင်းတို့သိရုံ၊ ဖတ်ကြရုံဆို
ပုံနှိပ်အက္ခရာ၊ စာမျက်နှာ၌
ဘာကြောင့် ကြော်ငြာရသနည်း။



◈ လူနည်းစုချင်း၊ မင်းတို့မင်းတို့
လက်တို့ချင်းချင်း၊ ငြင်းလိုငြင်းပေါ့။

◈ နင်လားငါလား
ပညာမာန်ထ၊ ချချင်ချပေါ့။

◈ လက်တစ်ဆုပ်စာ
မင်းတို့ရွာမှာ၊ ပညာမာန၊
ပြချင်ပြပေါ့
မြွေကမြွေစကား နားလည်လိမ့်မည်။

◈ တို့ကလူသား
မြွေစကားကို နားမလည်ဘူး
မချီးကျူးနိုင်၊
အရှုံးတို့မှ မဟုတ်တာ။ ။

၁၉၈၉-ခု

# မိတ်ဆွေ သို့မဟုတ် ရန်သူ

- အပူလို
  သူ့ကိုစေ။

- အလင်းလို
  သူ့ကိုစေ။

- သို့သော်သတိ၊
  ပေ့ါဆဘိမူ
  အပူလည်းမက
  အလင်းလည်းမရ။

- မြို့လုံးရွာလုံး
  တောလုံးတောင်လုံး
  ပြာကျဆုံးရှုံး
  ယူကျုံးမရ
  ကြေွပြုန်းခတတ်
  သတိချပ်။

- ပေ့ါဆဘိမူ
  မီးရန်သူ။ ။

၂-၂-၉၅